ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့ (15-9-2015) (၈၁၂၄)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်တည်ဆောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျရောက်သည့် ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနား သဝဏ်လွှာ**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာနိုင်ငံ ပြည်သူပြည်သားများအားလုံး ဒီမိုကရေစီ၏အနှစ်သာရ အသီးအပွင့်များကို အပြည့်အဝ ရရှိခံစားနိုင်ကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ဒီမိုကရေစီအနှစ်သာရပြည့်ဝစွာဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ငါးကြိမ်ရှိပြီဖြစ်ပါသည်။ ဒီမိုကရေစီသည် နိုင်ငံသားအားလုံး၏ လူမှုဘဝနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များတွင် တန်းတူညီမျှ ပြောဆိုရပိုင်ခွင့်ရှိသည့် အုပ်ချုပ်မှုပုံစံဖြစ်ပြီး အားလုံးအတွက် ခွင့်တူညီမျှရှိသင့်သည်ဟုယူဆသော အခွင့်အရေးကို လူတိုင်းခံစားဆောင်ရွက်ရန် လိုပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများရှိပါမှ ဒီမိုကရေစီသည် အမြဲသက်ဝင်ရှင်သန်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံးကို ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ အပ်နှင်းထားပြီး ဖြစ်ပါသည်။ ဒီမိုကရေစီလိုက်နာကျင့်သုံးရေးတွင် နိုင်ငံသားအားလုံး ပါဝင်ကျင့်သုံးကြရပါမည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်သည့်အတွက် ပြည်သူပြည်သားအားလုံး ပါဝင်ဆောင်ရွက်ရေးသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်နှင့် လူ့အဖွဲ့အစည်း ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်မှသာ ပြည်တွင်းငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

# အနုပညာဗဟိုဌာနများသည် အနုပညာရှင်အားလုံးနှင့်သက်ဆိုင်သဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ပန္နက်တိုင် စိုက်ထူပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပု အစည်းအရုံးများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○

အနုပညာဗဟိုဌာနများ တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အနုပညာရှင်များ ဘဝရပ်တည်နိုင်ရန်ဖြစ်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်)အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

BBB
ဘီသုံးလုံး ကားအရောင်းဆိုင်
Specializes in Wagons(4WD)
38+40 ၊ကမ္ဘာ့အေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ စာ တည်း ရှု ထောင့် ၁၅-၉-၂၀၁၅၊ အင်္ဂါနေ့

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း

မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကို အကြမ်းဖျင်းသုံးသပ်ကြည့်မည်ဆိုပါက ကုန်းမြင့်ဒေသရေစီးကြောင်းများ ပြောင်းလဲခြင်းနှင့် အဓိကကျသော မြစ်ချောင်းများ တိမ်ကောပျက်စီးလာခြင်းကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများနှင့် မြစ်ကြောင်းကြီးများ၏ အခြေအနေမှန်ကို ကောင်းကင်ဓာတ်ပုံများကြည့်မည်ဆိုပါက ယခင်ကဖြစ်တည်ခဲ့သော မြစ်ကြောင်းကြီးများ အခြေအနေမှာ သိသာစွာပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြစ်ကြောင်းကြီးများမှာ သဘာဝအလျောက် ပြောင်းလဲတတ်သည်မှန်သော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုကြောင့် မမျှော်မှန်းနိုင်သော တိမ်ကောပျက်စီးမှုများဖြစ်နိုင်ပေသည်။ မျက်မှောက်ကာလ၌ ဖြစ်တည်နေသော အဓိကမြစ်ကြောင်းကြီးများ၏ အခြေအနေများကို ကောင်းကင်မှ ဖြန့်ကြက်ကြည့်ရှုမည်ဆိုပါက လက်ရှိအနေအထားကို ကောင်းစွာသိမြင်နိုင်မည်ဖြစ်သည်။

အနာဂတ်ကာလ ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့ပါးရေးအတွက် အပူတပြင်းလုပ်ဆောင်ရမည့်အချက်မှာ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းဖြစ်သော်လည်း ထိုလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်ပြီး လုပ်ငန်းပမာဏနှင့် ငွေကြေးအင်အားမှာ ကြီးမားလှသဖြင့် ချက်ချင်းဆောင်ရွက်ရန် လွယ်ကူသောလုပ်ငန်းမဟုတ်ချေ။ ထို့ကြောင့် မြစ်ကြောင်းများယိုယွင်းပျက်စီးမှုကို အဓိကသက်ရောက်နိုင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ဥပဒေနှင့်အညီ နယ်မြေဒေသအလိုက် အလေးထားလုပ်ဆောင်ကြသင့်သည်ဟု သုံးသပ်မိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် မြန်မာနိုင်ငံအထက်ပိုင်း၌ သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အဖွဲ့အစည်းများသာမက ပုဂ္ဂလိကလုပ်ငန်းများအပိုင်းကပါ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခဲ့ရာတွင် ရေမြေတောတောင်များကိုတူးဖော်ထုတ်လုပ်ခဲ့ကြသည်။ ထိုသို့လုပ်ကိုင်ခဲ့ကြရာတွင် မြေသယံဇာတများပျက်စီးခဲ့ရပြီး ထိုမြေသယံဇာတများမှာ ရေစီးကြောင်းနှင့်အတူ မျောပါ၍ မြစ်ကြောင်းများအတွင်း အရည်ပျော်စီးဆင်းခဲ့ရာတွင် မြစ်ကြောင်းများ တိမ်ကောရခြင်းဟူသည့် အချက်တစ်ချက်ဖြစ်လာခဲ့သည်။

အခြားအချက်တစ်ချက်မှာ သစ်တောများပြုန်းတီးခြင်းလည်းပါဝင်သည်ဟု ဆိုရမည်။ ပြည်တွင်း၊ ပြည်ပ သစ်တောပညာရှင်များ၏ သုံးသပ်ချက်များအရ သစ်တောပြုန်းတီးမှုများကို ကုစားနိုင်ရန်အတွက် နောက်ဆုံးအခြေအနေတွင်ရှိနေပြီး ယနေ့အချိန်တွင် ပြန်လည်ကုစားမည်ဆိုပါက အချိန်မီနိုင်သေးကြောင်း သုံးသပ်ထားကြသည်ဟု သိရသည်။ အကယ်၍ ထိန်းသိမ်းနိုင်မှုမရှိပါက ပြန်လည်ကုစားရန်အခြေအနေမရှိကြောင်း သိရသည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံ၏သစ်တောများအနေဖြင့် အခြေအနေကောင်းများရှိနေဆဲဖြစ်ပြီး အခြေအနေနှောင်းသွားသည့်အဆင့်သို့ မရောက်သေးချေ။ တစ်နိုင်ငံလုံးတွင် သစ်တောဧရိယာများတည်ရှိနေပြီး စည်းကမ်းစနစ်တကျဖြင့် ယခုထက်ပိုမို၍ အကွက်စေ့စေ့လုပ်ကိုင်သွားမည်ဆိုပါက တစ်ချိန်သောကာလတွင် သစ်တောများ ပြန်လည်ဖွံ့ဖြိုးလာနိုင်ပေသည်။ သစ်တောသစ်ပင်ကို လုံးဝမထိမကိုင်ဘဲ သဘာဝအလျောက် ဖွံ့ဖြိုးလာအောင်ထားရှိမည်ဆိုပါက မြန်မာနိုင်ငံသစ်တောများမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ထူထပ်ပေါ်များလာမည်ဖြစ်သည်။

လက်ရှိကာလ ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် သစ်တောများလျော့နည်းလာခြင်းနှင့်လည်း သက်ဆိုင်ပေသည်။ တစ်နှစ်လျှင် ဧကခြောက်သိန်းခန့် လျော့နည်းသွားခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအတွက် ငြင်းမရသည့်အချက်ပင်ဖြစ်သည်။ သစ်တောများကို အသေးအငယ် အကြီးမှအစ ထိန်းသိမ်းခြင်းမပြုနိုင်ပါက နှစ်ပေါင်းများစွာကြာမြင့်သောအခါ လုံးဝပျောက်ကွယ်သွားနိုင်ပေသည်။

သစ်ကြီးဝါးကြီးများကို ခုတ်ထွင်ကြသည့် အခြေအနေသာမက ထင်းခုတ်၊ မီးသွေးဖုတ်၊ တောင်ယာလုပ်၊ ရွှေတူး၊ သတ္တုတူး စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေသောအချက်များကြောင့် ယခုကဲ့သို့ သဘာဝဘေးဆိုးကျိုးများဖြစ်လာခြင်းကို သိမြင်ကြပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်သူတိုင်း ပြည်သူတိုင်း သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ သာစည်မြို့နယ် ညောင်ရမ်းကျေးရွာရှိ ပိဋကတ်ကျောက်စာများအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာရှိ သမိုင်းမတင်မီခေတ်ကြေးခေတ်ယဉ်ကျေးမှု တူးဖော်ထားရှိသည့်နေရာသို့ ရောက်ရှိပြီး တူးဖော်မှုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ရမည်းသင်းမြို့နယ် မြို့လှ ကြေးခေတ်ဒေသ၊ ပျော်ဘွယ်မြို့နယ် ဥမှင်ကြေးခေတ်ဒေသ ၊ ထန်းတပင် ကြေးခေတ်ဒေသ၊ ထုံးဘို ကြေးခေတ်ဒေသနှင့် ရွာထင်ကုန်း ကြေးခေတ်ဒေသများတွင် တူးဖော်တွေ့ရှိမှုများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြေထည်ပစ္စည်းများကို အခြားသမိုင်းမတင်မီခေတ် ဒေသများကဲ့သို့ပင် တွေ့ရကြောင်း၊ ကြေးပစ္စည်းများဖြစ်သည့် ကြေးသွန်းရုပ်များ၊ ကြေးလက်နက်များ၊ ကြေးလက်ကောက်များတွေ့ရကြောင်း၊ ကြေးလက်ကောက်နှင့် ကြေးခြေကွင်းများကို အရိုးစုများနှင့် တွဲလျက်တွေ့ရကြောင်း၊ ကြေးခေတ်နှင့် သံခေတ်တွဲလျက်တွေ့ရကြောင်း၊ တူးဖော်တွေ့ရှိချက်များကို စနစ်တကျမှတ်တမ်းတင်ထားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ညောင်ရမ်းကျေးရွာရှိ ရွှေမုဋ္ဌောကျောင်းတိုက်အတွင်းရှိ ပိဋကတ်ကျောက်စာရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘုရားဒါယကာ ဦးဘိုးရှုံနှင့် ဘုရားဒါယိကာမ ဒေါ်ခင်တို့က ၁၂၉၀ ပြည့်နှစ်တွင် စတင်လှူဒါန်းပူဇော်ထားသည့် ပိဋကတ်သုံးပုံပါ ပါဠိတော်ကျောက်စာ ၅၁၃ ချပ်ကို ရွှေမုဋ္ဌောကျောင်းတိုက်ဆရာတော်နှင့် ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိဒေသတွင်ရှိသည့် ပိဋကတ် သုံးပုံပါဠိတော် ကျောက်စာများကို ရေရှည်တည်တံ့စေရေး ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ သမိုင်းအစဉ်အလာနှင့် ဘာသာ သာသနာအတွက် အရေးကြီးသည့် ပိဋကတ်တော်များ ဖျက်ဆီးမခံရစေရေးနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုမရှိစေရေး ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဒေသခံများနှင့် ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၇-၉-၂၀၁၅ ရက်နေ့မှ ၁၀-၉-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၈၇ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၂၉၀၀ | - | ၇၆၃၉၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၂၅၀၀ | - | ၇၆၃၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၅၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၁. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၆၅၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၈. ၆၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၃၇၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၃. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၉. ၀၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၀၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၂. ၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# မြစ်ငယ်မီးရထားတွဲပြင်စက်ရုံမှ တစ်လတစ်ခါရောင်းချသည့် လခချဈေး

**မြစ်ငယ် စက်တင်ဘာ ၁၄**

ဒေသအသီးသီးတွင် ထူးခြားသောအမှတ်သင်္ကေတများစွာရှိသည်။ မြန်မာနိုင်ငံတွင် မီးရထားဝန်ထမ်းမြို့အဖြစ်လူသိများသည့် မြစ်ငယ်မြို့တွင်လည်း ထူးခြားသောသင်္ကေတများစွာရှိသည်။ ထိုအထဲတွင် တစ်လတစ်ခါ လစာထုတ်သည့်ရက်တွင် ရောင်းချသည့် လစာထုတ် ဈေးဒေသအခေါ် (လခချဈေး)မှာ ထူးခြားပြီး နှစ်ပေါင်းတစ်ရာနီးပါး ရောင်းချခဲ့သောဈေးကလေးဖြစ်သည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံလူစီးတွဲနှင့် ကုန်တွဲစက်ရုံကို ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ကာ ၁၉၁၁ တွင်ပြီးစီးသည်။ ၁၉၁၂ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ကြောင်းသိရသည်။ စက်ရုံစတင်လည်ပတ်စဉ်က အိန္ဒိယမှလူမျိုးခြားများဖြင့် စတင်လည်ပတ်ခဲ့သည်။တစ်လတစ်ခါ လစာထုတ်ပေးပြီး လစာထုတ်သည့်နေ့တွင် အချိန်မှတ်ရုံးအပေါ်မှနေကာ နာမည်စာရင်းနှင့်အတူ လစာငွေကြေးအကြွေစေ့များကို နို့ဆီဘူးအတွင်းထည့်ကာ ကြိုးဖြင့် ချပေးသည်ဟုသိရသည်။လစာချပေးခြင်းကို အကြောင်းပြုကာ လခချသည်ဟုခေါ်ကြသည်။ လခချပြီးသည်နှင့် မြစ်ငယ်စာတိုက်မှလခများကို မိမိတိုင်းပြည်အထိငွေလွှဲကြသည်။ လစာထုတ်(လခချ)သည့်နေ့တွင် မြန်မာဈေးသည်များသည် အချိန်မှတ်ရုံးရှေ့မှ စားသောက်ဖွယ်ရာများ ရောင်းချခြင်းမှသည် နောင်အခါ လခချဈေးအဖြစ် စည်ကားသောဈေးဖြစ်လာခဲ့သည်။ လခချဈေးတွင် ပစ္စည်းစုံရရှိပြီး ဒေသခံတို့ အားထားဝယ်ယူကြသည်။ လက်ရှိကာလတွင် လခချဈေးအဖြစ်ခေါ်ဝေါ်ပြီး တစ်နေ့ထက် တစ်နေ့ ဈေးသည် များစွာတိုးပွားစည်ကားလာခဲ့သည်။

မြစ်ငယ်မြို့ကို လေ့လာသမျှ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ပြအင်ဂျင်နီယာစနစ်ကောင်းမွန်ခဲ့ပုံကို အတုယူနိုင်သည်ဟုညွှန်းဆိုနိုင်သည်။ ရှေ့မီနောက်မီ အသက် (၉၀) အရွယ် မီးရထားအငြိမ်းစားကြီးများ၏ လက်ဆင့်ကမ်းပြောပြမှုအရ အလုပ်ခန့်ပုံ၊ စမ်းသပ်ပုံ၊ ထိုခေတ်လစာလာနှင့် လစာပေးပုံစနစ်၊လူမျိုးစုံ ဘာသာပေါင်းစုံ ရှေးယခင်မှစကာ ယခုအထိ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကာ သူ့ပွဲကိုယ့်ပွဲအတူတကွ ပျော်ရွှင်စွာဆင်နွှဲခဲ့ပုံများ၏ ကောင်းမွန်သောဆက်ဆံရေးကို သိရသည်။ ဘာသာပေါင်းစုံဘုရားကျောင်းများ ယခုတိုင် တည်ရှိနေပြီး စိတ်ဝင်စားဖွယ်ဖြစ်သည်။

နှစ်စဉ်စက်ရုံဝန်ထမ်းများ စုပေါင်းပါဝင်သည့် မဟာဘုံကထိန်ပွဲကျင်းပပုံ၊ ပင်စင်လစာထုတ်သည့်နေ့တွင် အာဟာရဒါနပြုကာ အငြိမ်းစားများကို ပျော်ရွှင်မှုပေးစေပုံ၊ လစဉ်ဆိုင်ခန်းများစွာဖြင့် စည်ကားစွာ ရောင်းဝယ်ဖောက်ကားနေသော ထူးခြားသည့် လခချဈေးပြုလုပ်ပုံမှအစ အင်္ဂလိပ်ခေတ်အခေါ်အတိုင်း ခေါ်ဝေါ်သုံးစွဲသည့် ဒိုဘီကုန်းကျောင်း၊ ဗိုလ်လိုင်းမှအစ ခေါ်ဝေါ်မှုများရှိနေသည်မှာ မြစ်ငယ်မြို့၏ ထူးခြားမှုတစ်ခုအဖြစ် ယနေ့တိုင်တည်ရှိနေသည်။

**(တိမ်တမန်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမွှား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ

**❍ အနုပညာမှ**

မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ ပန်တျာ ဦးမြကြည်နှင့် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံးအလုပ်အမှုဆောင် ဦးထွန်းဝင်းတို့က မင်္ဂလာအချိန်တွင် ပန္နက်နေရာအသီးသီး၌ ပန္နက်တိုင်များကို စိုက်ထူကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတအား ရှင်းလင်းဆောင်၍ မြန်မာ့အနုပညာဗဟိုဌာနများ အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာ အဆင့်မီ မြန်မာ့အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းရည်ရွယ်ချက်၊ တည်ဆောက်မည့်အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံတွင် ပါဝင်မည့် အခန်းဖွဲ့စည်းမှုနှင့် အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် အနုပညာဗဟိုဌာန(Art Centre) များကို မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့် ယဉ်ကျေးမှုအနုပညာအမွေအနှစ်များစွာ ရှိသည့် မန္တလေးမြို့တို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အနုပညာဗဟိုဌာနများ တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်သိက္ခာ မြင့်မားစေရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အနုပညာရှင်များ ဘဝရပ်တည်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားရေးမှာ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့်အညီ တိုးတက်လာခဲ့ရာ ခရီးသွားလုပ်ငန်းတွင် ခရီးသွားဧည့်သည် နှစ်သန်းခန့်အထိ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ငါးသန်းခန့်အထိ မျှော်မှန်းထားပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အပြင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေး၊ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်ပေါင်း(၆၀) ကျော် ခါးသီးစွာ ရင်ဆိုင်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အနုပညာဗဟိုဌာနများကို တည်ဆောက်နိုင်ခြင်းဖြင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်မည့်အပြင် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာနှင့် စာပေအမွေအနှစ်များစွာ ရှိသဖြင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်များသည် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်နေကြရမည်ဖြစ်ရာ အနုပညာဗဟိုဌာနကို အသုံးပြုပြီး အနုပညာရှင်များ၏ဘဝ ရှင်သန်ရပ်တည်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ ခေတ်မီ အနုပညာအဆောက်အအုံကို အသုံးပြုပြီး အနုပညာပြန့်ပွားစေရန်အပြင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား စသည့် အာရှနိုင်ငံများအပြင် အနောက်နိုင်ငံများနှင့်လည်း ယဉ်ကျေးမှုအနုပညာများ ဖလှယ်နိုင်မည် ဖြစ်ပါကြောင်း။

အနုပညာဗဟိုဌာနများကို ခိုင်ခံ့သပ်ရပ်စွာဖြင့် ခြောက်လခန့်နှင့် အပြီးတည်ဆောက်မည်ဖြစ်ရာ အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီတွင် အကြံဉာဏ်များပေးနိုင်မည့် အနုပညာဝါရင့် တတ်ကျွမ်းသူများ ပါဝင်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းကော်မတီတွင် အိုင်တီနည်းပညာကျွမ်းကျင်သူများကဲ့သို့ လူငယ်များလည်း ပါဝင်ရန် လိုအပ်ကြောင်း၊ ဆပ်ကော်မတီများတွင် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပုကဲ့သို့ ပန်း(၁၀)မျိုး စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

အနုပညာဗဟိုဌာနများသည် အနုပညာရှင်အားလုံးနှင့် သက်ဆိုင်သဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပု အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် အနုပညာလောကသားများ ရေရှည်ရပ်တည်နိုင်ရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် နိုင်ငံ့ဂုဏ်တင့်စေရန်အတွက် အနုပညာဗဟိုဌာနများကို အလုပ်တာဝန်များ မအားလပ်သည့်ကြားမှ မမေ့မလျော့ ဆောင်ရွက်ပေးခြင်းဖြစ်၍ နိုင်ငံနှင့် အနုပညာလောကအတွက် သမိုင်းဝင်မည့်ဖြစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး မှာကြားသည့် ရည်ရွယ်ချက်(၃)ရပ်လုံးကို ဖော်ကျူးနိုင်မည့် အနုပညာဗဟိုဌာနကြီးများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အနုပညာလောကသားအားလုံးအတွက် နိုင်ငံတကာအဆင့်မီ ဖျော်ဖြေတင်ဆက်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အနုပညာဗဟိုဌာနများ တည်ဆောက်ပေးသည့် နိုင်ငံတော် သမ္မတကြီးနှင့်အစိုးရအဖွဲ့ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပုစသည့် အနုပညာရှင်များနှင့်အတူ မြန်မာ့အနုပညာဗဟိုဌာန (ရန်ကုန်)အထိမ်းအမှတ်ဆိုင်းဘုတ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြန်မာ့အနုပညာဗဟိုဌာန (ရန်ကုန်) အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် စော်ဘွားကြီးကုန်း လမ်းဆုံအနီး လမ်းသစ်လမ်းမပေါ်ရှိ မြေဧက ၇ ဒသမ ၅ ဧကတွင် တည်ဆောက်မည်ဖြစ်ပြီး အမြင့်ပေ ၁၀၀ ခန့်၊ အထပ် ခုနစ်ထပ်ပါဝင်မည်ဖြစ်ကာ လူ ၃၀၀၀ ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် ပရိသတ် ၅၀၀၀ ခန့် ကြည့်ရှုနိုင်မည့် ပြင်ပပွဲကြည့်စင်နှင့် ဖျော်ဖြေရေးစင်မြင့်တို့ တွဲဖက်ဆောက်လုပ်ထားပြီး စားသောက်ဆိုင်များ၊ မြန်မာ့အနုပညာ အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ယာဉ်ရပ်နားရန် နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနား၌ ပန္နက်တိုင်စိုက်ထူပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**မြန်မာ့အနုပညာဗဟိုဌာန(ရန်ကုန်) ဆောက်လုပ်မည့် အဆောက်အအုံ ပုံစံကို တွေ့ရစဉ်။** (သတင်းစဉ်)





# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။**(ဝဲပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရရှိသူများအား စေလွှတ်ပြီးစီးမှု၊ ထပ်မံစေလွှတ်ရန် စီစဉ်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အထိ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရရှိသူ ၄၃ ဦးကို စေလွှတ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူ ၇၃ ဦးကို မကြာမီ ထပ်မံစေလွှတ်သွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်စေလွှတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်မှ ဦးသိန်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း) ဒေါက်တာရီရီမြင့်၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ကမ္ဘောဇဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်တို့ တက်ရောက်ခဲ့ကြသည်။ **(ပညာရေး)**

**✻ မြန်မာအမျိုးသမီးမှ**

တစ်ကိုယ်တော် ထိုးဖောက်နေ၍ ဂျော်ဒန်နောက်တန်း လွယ်လွယ်ကူကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ၇၁ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး နောက်ခံလူ ဝေဝေအောင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပွဲဦးထွက် အနိုင်ရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်ရှိနေဆဲဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်သောပွဲတွင် တရုတ်(တိုင်ပေ) အသင်းက ဗီယက်နမ်အသင်းကို မထင်မှတ်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တရုတ်(တိုင်ပေ)အတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် လင်ချောင်ယင်က သွင်းယူခဲ့သည်။

ခြေစစ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ဂျော်ဒန်အသင်းနှင့် တရုတ်(တိုင်ပေ) အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# အပစ်ရပ်စာချုပ် လက်မှတ်ထိုးပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား နိုင်ငံရေးပါတီများသို့ အသိပေးရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၁၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးပါက စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆက်လက်လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများအား အသိပေးရှင်းလင်းမှုများပြုလုပ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) မှ ကိုယ်စားလှယ်များက နိုင်ငံရေးပါတီများအား စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPC ၌ အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **"နိုင်ငံရေးပါတီတွေအားလုံးနဲ့ တိုင်းရင်းသားတွေ သိထားရမှာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ရမယ်ဆိုတဲ့ ဖြစ်စဉ် ဖြစ်တယ်လို့ အားလုံးက ခံယူထားရပါမယ်။ NCA လက်မှတ်ထိုးပြီးရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတဲ့ကော်မတီတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် UPDJC လို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီကို ဖွဲ့စည်းရပါမယ်။ UPDJC ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေဖြစ်လာဖို့ ပူးတွဲအကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ တိုင်းရင်းသားတွေဘက်က တောင်းဆိုထားတဲ့ အချိန်ဇယားအတိုင်း အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်"**ဟု နိုင်ငံရေးပါတီများအား အသိပေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှ ဒါရိုက်တာဖြစ်သူ ဒေါက်တာမင်းဇော်ဦးက NCA စာချုပ် ချုပ်ဆိုပြီးနောက် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းစဉ် အသေးစိတ်နှင့် စာချုပ်တွင် ထည့်သွင်းသတ်မှတ်ထားသည့် အချိန်ဇယားများအရ ခေါ်ယူရမည့် အစည်းအဝေးများနှင့် ထပ်မံဖွဲ့စည်းရမည့် ပူးတွဲကော်မတီများအကြောင်းကို ရှင်းလင်းသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ NCA စာချုပ်တွင်ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာများ၊ အရပ်သားများအား အကာအကွယ်ပေးခြင်းဆိုင်ရာများ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဆိုင်ရာများ၊ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းဆိုင်ရာများ၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ခေါင်းစဉ်များအောက်တွင်ပါဝင်သည့် အကြောင်းအရာများအား ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံရေးပါတီများ၏ မေးမြန်းမှုများကို UPWC ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် ဒေါက်တာမင်းဇော်ဦးတို့က ပြန်လည်ဖြေကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးနှင့် ပတ်သက်ပြီး ပြန်လည်ဖြေကြားရာတွင် "၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်မှာ နိုင်ငံတော်သမ္မတက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့ပါတယ်။ အဲ့ဒီအချိန်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့ပဲရှိပါတယ်။ ကိုးကန့်အဖွဲ့ဟာ ငြိမ်းချမ်းရေးယူပြီး ကိုးကန့်ဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုပြီး လုပ်ထားပြီးသားပါ။ MNDAA ကိုးကန့်အဖွဲ့ဆိုတာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ တိုက်ပွဲဖြစ်ပြီး ဒီအဖွဲ့ရှိမှန်း သိရပါတယ်။ ၂၀၁၁ ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့တုန်းက အဲ့ဒီအဖွဲ့ မပါဘူး။ အဖွဲ့အစည်း အသစ်ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကိုလည်း ကျွန်တော်တို့ မချန်ပါဘူး။ ၁၆ ဖွဲ့ထဲမှာ MNDAA မပါတာ ဒါကြောင့်ဆိုတာတော့ ပြောကြားချင်ပါတယ်။ AA(ရခိုင့်တပ်မတော်)ဆိုတာနဲ့ပတ်သက်ပြီး ၂၀၁၁ ခုနှစ်ငြိမ်းချမ်းရေးဖိတ်ခေါ်တုန်းက အဲ့ဒီအဖွဲ့မရှိသေးဘူး။ ဒါကြောင့် AA ကိုလည်း ပထမအဖွဲ့ထဲမှာ မပါပေမယ့် ချန်မထားပါဘူး။ အတိအလင်း ပြောထားပြီးသားပါ။ ပလောင်နဲ့ပတ်သက်ပြီးပြောရရင် ၂၀၁၁ ခုနှစ်မှာ ကျွန်တော်ဦးစီးပြီးတော့ ပလောင်အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ ပလောင်ဒေသ ရှစ်မြို့နယ်ကို သူတို့ကိုပေးဖို့၊ နောက် အဲ့ဒီမှာ တပ်စွဲထားတဲ့တပ်တွေကို ဖယ်ပေးဖို့ ပြောတယ်။ ဒါဟာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်လေ့လာကြည့်တော့ အဲ့ဒီဒေသမှာ ရှမ်းလူမျိုး ရှစ်သောင်းနဲ့ ပလောင်လူမျိုး နှစ်သောင်းလောက်ပဲ နေထိုင်တာ တွေ့ရပါတယ်။ ကျန်တဲ့တိုင်းရင်းသားတွေနဲ့ စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ပါတယ်။ ကျန်တဲ့အဖွဲ့ငယ်တွေကိုတော့ Political Dialogue မှာ တက်ဖို့ ပြောထားတဲ့အတွက် အားလုံးကို အရေးတယူဆောင်ရွက်ပေးနေပါတယ်" ဟု ပြောကြားသည်။



မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီ ၇၈ ပါတီတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ အချက်များအားလုံးကို ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်တွင် အပြီးသတ်ညှိနှိုင်းနိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး NCA စာချုပ် လက်မှတ်ရေးထိုးမည့်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး NCA စာချုပ်အား အောက်တိုဘာ ပထမပတ်အတွင်း လက်မှတ်ရေးထိုးရန်ကိုလည်း နှစ်ဖက်သဘောတူခဲ့ကြကြောင်း MPC ၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) တွင် ပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်/ဓာတ်ပုံ-ဖိုးထောင်)**

## ဟသ္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၄။** ။ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ္သာတမြို့၊ ဇလွန်မြို့နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟသ္သာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံတိုင်းတွင် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန်လိုအပ်ပြီး ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာယုံကြည်လက်ခံကျင့်သုံးသည့် လူ့ဘောင်ဘဝရှိရပါမည်။ လူ့အဖွဲ့အစည်းတွင်း ဒီမိုကရေစီကျင့်စဉ်များ အခြေခိုင်ရေးတွင် ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ လူတိုင်းက အခွင့်အရေးနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို မျှတစွာ ပေါင်းစပ်ကျင့်သုံးနိုင်ရပါမည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ခိုင်မာသော ဆုံးဖြတ်ချက်၊ ရည်မှန်းချက်ဖြင့် လျှောက်လှမ်းခဲ့သည့်အတွက် ယနေ့အချိန်တွင် သိသာထင်ရှားသော အောင်မြင်မှုများကို ရရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါအောင်မြင်မှုအသီးအပွင့်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ပေါ်ထွန်းလာရေးဟူသည့် ဆုံးဖြတ်ချက်၊ ရည်မှန်းချက်များကို ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံအခြေအနေများ၊ လူမှုပုံစံများ၊ ဓလေ့ထုံးစံယဉ်ကျေးမှုများနှင့် စံတန်ဖိုးများ၊ နိုင်ငံအတွင်းရှိပါတီများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအစုအဖွဲ့များနှင့် ပြည်သူများအားလုံး၊ သက်ဆိုင်သူများအားလုံး(Stakeholders)များ၏ ဒီမိုကရေစီဖော်ဆောင်နိုင်မှုအပေါ်တွင်မူတည်ကာ ပုံစံအမျိုးမျိုး၊ ချဉ်းကပ်မှုအမျိုးမျိုးကွဲပြားနိုင်သော်လည်း ပြည်သူပြည်သားတို့၏ စိတ်နေစိတ်ထားရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ် မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့သည် ဒီမိုကရေစီဖော်ဆောင်ရေး၏ အဓိကအချက်များဖြစ်ပါသည်။

ယနေ့အချိန်သည် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အနာဂတ်မျှော်မှန်းချက်များကို ဖော်ဆောင်ပေးမည့် အရေးကြီးသောကာလဖြစ်ပါသည်။ မကြာမီကျင်းပတော့မည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်ကြီးမားသည့် အဆင့်တစ်ဆင့်ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်မည်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်ကို ဖန်တီးတည်ဆောက်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများအားလုံးကလည်း တာဝန်ကျေပွန်ကြရန် လိုအပ်ပါသည်။

လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူအားလုံးက နိုင်ငံသားတာဝန်ဖြစ်သည့် ဆန္ဒမဲပေးခြင်းတာဝန်ကို မပျက်မကွက် ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးရာတွင် မိမိတို့ကို အမှန်တကယ်ကိုယ်စားပြုမည့်၊ ပြည်သူများ၏လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့်၊ အရည်အသွေးရှိသည့် လူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရန် အထူးအရေးကြီးပါသည်။ မှန်ကန်သော ရွေးချယ်မှုများဖြင့်သာ နိုင်ငံသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရေးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများက ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိသည့် လူမျိုးစုများစွာနေထိုင်သော နိုင်ငံဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ၏ လူမှုသဟဇာတဖြစ်မှုနှင့်မတူညီသည့် ကိုးကွယ်ယုံကြည်မှုများကို ထိခိုက်နစ်နာစေသည့်ကိစ္စရပ်များ မပေါ်ပေါက်စေရန် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး စည်းကမ်းရှိမှု၊ စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှု၊ ဆင်ခြင်တုံအသိတရားရှိမှုဖြင့် ဒီမိုကရေစီကို ဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ဆောင်ပုဒ်မှာ "Public Participation for Democracy" (ဒီမိုကရေစီအတွက် ပြည်သူများ ပါဝင်ဆောင်ရွက်)ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်သည် ပြည်သူများ၏ အခန်းကဏ္ဍကို ပိုမိုအနက်အဓိပ္ပာယ်ဖွင့်ဆိုပြသည့်သဘောသက်ရောက်ပါသည်။ ဒီမိုကရေစီဖြစ်စဉ်များအားလုံးတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအားလုံးက ဒီမိုကရေစီယန္တရားအဆင့်ဆင့်၌ ပြည်သူများ ပိုမိုပါဝင်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန်လည်း လိုအပ်ပါသည်။ တစ်ဆက်တည်းအနေဖြင့် ပြည်သူများ၏ အသိပညာရေချိန်မြင့်မားလာအောင် ပြုစုပျိုးထောင်၍ ဒီမိုကရေစီ၏အနှစ်သာရများကို ပိုမိုရရှိခံစားနိုင်ရန်လည်း အားလုံးကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် ဒီမိုကရေစီနိုင်ငံသား မြန်မာပြည်သူပြည်သားများအားလုံး ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ဦးနှင့်တစ်ဦးယုံကြည်မှု၊ အပြန်အလှန်နားလည်လေးစားမှု၊ အများ၏သဘောထားကို လိုက်နာ၊ လူနည်းစု၏သဘောထားကို အလေးထားရင်း နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ကြရန်နှင့် ရင့်ကျက်ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ရွေးကောက်ပွဲကာလ စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေး ဆွေးနွေး




**ရွေးကောက်ပွဲကာလ စာနယ်ဇင်းသမားများဘေးကင်းလုံခြုံမှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၁၄**

ယခုလာမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးကြီးကြောင်း၊ ပြဿနာဖြစ်နိုင်သည့်အသုံးအနှုန်းများနှင့် အမုန်းစကားများကိုမသုံးမိစေရန်နှင့် တိကျမှုရှိရန်လိုကြောင်း၊ မီဒီယာများက တရားမျှတမှုအတွက် ဖိအားများကို ထိန်းသိမ်းပြီး သည်းခံလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများကလည်း စာနယ်ဇင်းသမားများ၏ လုံခြုံမှုရရှိရေးအတွက် ပံ့ပိုးကူညီပေးရန်လိုကြောင်း UNESCO Freedom of Expression and Democracy ဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား)Mr. Mogens Schmidt က ပြောကြားသည်။

ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် ရွေးကောက်ပွဲကာလ စာနယ်ဇင်းသမားများဘေးကင်းလုံခြုံမှုဆိုင်ရာဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးစဉ် Mr. Mogens Schmidt က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကိုပြန်ကြားရေးဝန်ကြီးဌာန၊ ဥရောပသမဂ္ဂ(EU)နှင့် UNESCO Myanmar တို့ပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ရွေးကောက်ပွဲနှင့်မီဒီယာ၊ အာဏာပိုင်များနှင့်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ ရွေးကောက်ပွဲကာလ လွတ်လပ်လုံခြုံစွာ သတင်းဖော်ပြနိုင်ရေးအတွက်လုပ်ဆောင်မှုများ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ UNESCO Head of Yangon Office မှ Mr. Sardar Umar Alam နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသော်ကြာ၊ ခေတ်+မိုး)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲနှင့်မီဒီယာ၊အာဏာပိုင်များနှင့် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍနှင့် တာဝန်များခေါင်းစဉ်ဖြင့် UNESCO မှ Mr. Mogens Schmidt နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း( MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ မြန်မာဂျာနယ်လစ်သမဂ္ဂ(MJU)နှင့် BNI(Ethnic Media)တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တက်ရောက်လာကြသူများကမေးမြန်းဆွေးနွေးကြသည်။

ရွေးကောက်ပွဲကာလ လွတ်လပ်လုံခြုံစွာ သတင်းဖော်ပြတင်ဆက်နိုင်ရေးအတွက် လုပ်ဆောင်မှုများ ခေါင်းစဉ်ဖြင့် Former Chair of the Southeast Asian Press Alliance မှ Mr. Kavi Chongkittavornနှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တက်ရောက်လာကြသူများကမေးမြန်းဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲတွင် အထွေထွေရွေးကောက်ပွဲကာလ၌ စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ အခန်းကဏ္ဍအသီးသီးမှ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ Mr. Mogens Schmidt ကို တွေ့ဆုံမေးမြန်းရာ၌င်းက "နိုဝင်ဘာ ၈ ရက်မှာ ကျင်းပဖို့ စတင်မှာဆိုတော့ နှစ်လလောက်ပဲလိုတော့တယ်။ လုပ်ဆောင်စရာတွေအများကြီးရှိမယ်။ အာဏာပိုင်တွေ၊ နိုင်ငံရေးပါတီတွေ၊ သတင်းယူတဲ့မီဒီယာတွေ အလုပ်လုပ်တဲ့အခါမှာ အားလုံးအနေနဲ့ သေချာလုပ်နိုင်ဖို့လိုတယ်။ ဒီအတွက် အကြောင်းအရာအကုန်လုံးကိုသိနိုင်ဖို့ ဒီဆွေးနွေးပွဲကိုလုပ်တာဖြစ်တယ်။

လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့အတွက် ရွေးကောက်ပွဲမလုပ်ခင်မှာလည်း သတင်းသမားများ အန္တရာယ်ကင်းကင်းနဲ့ ဘေးကင်းလုံခြုံစွာ လွတ်လွတ်လပ်လပ်၊ မျှမျှတတ ဆောင်ရွက်ဖို့ အရေးကြီးတယ်။ ရွေးကောက်ပွဲပြီးတဲ့အခါမှာလည်း နိုင်တဲ့လူနဲ့ ရှုံးတဲ့လူတွေအနေနဲ့ ရလဒ်တွေအပေါ် သေချာလက်ခံပြီး ဆောင်ရွက်နိုင်ဖို့ မီဒီယာကမျက်နှာမလိုက်ဘဲ ကျင့်ဝတ်တွေနဲ့အညီ တင်ပြနိုင်ဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုဒီမိုကရေစီပါတီ၊ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီနှင့် ချင်းတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

## မင်းဘူး၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့ စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီ၊ ကလေးဝမြို့တွင် ပေဝက်ခန့်နှင့် မင်းကင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် နောက်နှစ်ရက်အတွင်း မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အခွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများမှ တာဝန် ရှိသူများ၊ နိုင်ငံရေးပါတီ ၁၀ ပါတီမှ တာဝန်ရှိသူများ၊ ကော်မရှင် အတွင်းရေးမှူး နှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်သကဲ့သို့ တစ်ကမ္ဘာလုံးက စိတ်ဝင်တစားလေ့လာစောင့်ကြည့် လျက်ရှိကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတစွာဖြင့် အေးအေးချမ်းချမ်း ကျင်းပနိုင်ရန် လုံခြုံရေးတွင် တာဝန်ရှိသော ဝန်ကြီးဌာနများနှင့် ဆက်စပ်တာဝန်ယူကြရမည့် ဝန်ကြီးဌာနများအား ဖိတ်ခေါ်ပြီး ထောင့်စေ့ကွက်စေ့ ဆောင်ရွက်နိုင်စေရေး စီမံချက်အသေးစိတ် ချမှတ်ရေးဆွဲဆောင်ရွက်နိုင်ရန် အသိပေးခဲ့ကြောင်း၊ လုံခြုံရေးကိစ္စနှင့် စပ်လျဉ်း၍ ERM Tool (Electoral Risk Management Tool) အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများ၏ ဖော်ထုတ်ချက်အရ မတည်မငြိမ်ဖြစ်စေမည့် အကြမ်းဖက်မှုများဖြစ်လာနိုင်မည့် အကြောင်းအရာများကို ကြိုတင်သတင်းလက်ဦးမှုရရှိအောင် ဆောင်ရွက်ရန်နှင့် ဖြစ်ပွားပေါ်ပေါက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးကော်မတီတစ်ရပ်ဖွဲ့စည်း ကြပ်မတ်သင့်ကြောင်းကို နိုင်ငံတော်သို့အကြံပြုခဲ့ပြီး နိုင်ငံတော်က ပြည်ထဲရေး ဝန်ကြီးဌာနကို လမ်းညွှန်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စု အဆင့် အထိ လုံခြုံရေးကော်မတီများဖွဲ့စည်းပြီး တပ်ဖွဲ့ဝင်သစ်များစုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ ပညာပေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း။

ကော်မရှင်အနေဖြင့်လည်း လုံခြုံရေးဆောင်ရွက်မည့်အဖွဲ့အစည်းများ နှင့် ဆက်စပ်ဆောင်ရွက်ရန် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ကော်မတီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ (၁၀) ပါတီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေပြု၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် တရားမဲ့ပြုကျင့်မှုဖြင့် ကန့်ကွက်လွှာများ တင်လာပါက ကော်မရှင်အဖွဲ့ဝင်များအားတာဝန်ပေးပြီး စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ရာ ပိုမိုမှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင် ရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ ခရိုင်နှင့်မြို့နယ်များတွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖ သြဇာတိက္ကမ ရှိသူများ၊ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းများ ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များဖြင့် စုဖွဲ့ပြီး မလိုလားအပ်သည့်ဖြစ်စဉ်များ မပေါ်ပေါက်စေရန် အောက်ခြေအဆင့်တွင်ပင် ပြေလည်အောင် ညှိနှိုင်းဖြေရှင်း ပေးကြမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရခြင်းသည် ရွေးကောက်ပွဲတွင် ပဋိပက္ခများ မဖြစ်ပွားအောင် ကြိုတင်သတင်းရယူညှိနှိုင်းပေး ရန်နှင့် အငြင်းပွားမှုများဖြစ်ပွားလာပါက အငြင်းပွားရာဒေသသို့ သွားရောက် ညှိနှိုင်းဖြေရှင်းပေးရန်ဖြစ်ကြောင်း၊ ညှိနှိုင်းဖြေရှင်းရာတွင် ဥပဒေများ၊ ကျင့်ဝတ်များကို လိုက်နာပြီး ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းဖြေရှင်း၍ မရပါကတည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲဖြစ်စေရန် လုံခြုံရေးတာဝန်ယူရ သည့် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေ များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလတွင် လိုက်နာရန် ညွှန်ကြားချက် (၁/၂၀၁၄)ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ပါတီဝင်များလိုက်နာရမည့် ကျင့်ဝတ်များရှိ ကြောင်း၊ လွှတ်တော်အသီးသီး၏ရွေးကောက်ပွဲဥပဒေအခန်း(၁၃) ရွေးကောက်ပွဲ ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ အခန်း(၁၄) တရားမဲ့ပြုကျင့်မှုများကို သိရှိအောင် လေ့လာ၍ လိုက်နာကျင့်သုံးပြီး ဥပဒေ၏အကာအကွယ်ကိုရယူရန် ပြောကြား လိုကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို အသိတရားနှင့်ယှဉ်ပြီး လေးစားလိုက်နာကြရန် တိုက်တွန်းလိုကြောင်း။

ရွေးကောက်ပွဲတွင် ပြည်တွင်း ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များ အနေဖြင့် (Long Term Observer) များနှင့် (Short Term Observer) များကို ဖိတ်ခေါ်ထားပြီး နိုင်ငံတော်၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြု သွားမည်ဖြစ်ပါကြောင်း။

တာဝန်ရှိသူများအနေဖြင့် အေးချမ်းပြီးလွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲသည် လွန်စွာအရေးကြီးပြီး နိုင်ငံတော်၏ သိက္ခာနှင့် နိုင်ငံတော်၏ ပုံရိပ်တိုးတက်ရန်မှာ ရွေးကောက်ပွဲအပေါ်တွင် တည်မှီနေခြင်းကြောင့် အသိ တရားနှင့်ယှဉ်သော စည်းကမ်းလိုက်နာမှု၊ ကျင့်ဝတ်များနှင့်အညီ အပြန်အလှန် လေးစားလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာစေ့စပ် ညှိနှိုင်းရေးဗဟိုမှ မြို့နယ်အထိ ကော်မတီအဆင့်ဆင့်၏ဖွဲ့စည်းပုံ၊ လုပ်ငန်း တာဝန်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အခွဲ့ခွဲဥက္ကဋ္ဌများက ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြည်ပနိုင်ငံ ရောက် မဲဆန္ဒရှင်များမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်ပစောင့်ကြည့် လေ့လာရေးအဖွဲ့များမှ ကမ်းလှမ်းလာမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများက ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲဆွယ် စည်းရုံးရေးကာလဖြစ်၍ ပါတီများ၊ ကိုယ်စားလှယ်လောင်းများ အဆင်ပြေစွာ စည်းရုံးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် အသိတရားနှင့်ယှဉ်၍ စည်းကမ်းလိုက်နာရန်လိုအပ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံသား ၂၀ အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ထပ်မံရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၂၀ သည် ယနေ့ နံနက် ၁၁ နာရီခွဲက မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

"အခုပြန်ရောက်လာတဲ့ သူတွေက ရေလုပ်သားတွေပါ။ သူတို့တွေကို လူကုန်ကူးခံရခြင်း ရှိ၊ မရှိ စစ်ဆေးမေးမြန်းမှုတွေလုပ်မယ်။ လူကုန်ကူးခံရတာရှိတယ်ဆိုရင် ကွင်းဆက်အရ ဖော်ထုတ်ပြီး အရေးယူမှုတွေ လုပ်သွားမှာပါ"ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူးရဲဝင်းအောင်က ပြောသည်။

အဆိုပါ ရေလုပ်သား ၂၀ သည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာဓုစာသင်တိုက် သီရိမင်္ဂလာကျောင်းတွင် ခေတ္တနေရာချပေးထားသည်။ထို့အပြင် IOM အနေဖြင့် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်း ထောက်ပံ့ပေးပြီး သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်းသိရသည်၊

"ကျွန်တော်တို့အနေနဲ့ သူတို့ကို အမြန်ဆုံး အိမ်ပြန်ရောက်အောင်စီစဉ်ပေးနေတယ်။ ကားနဲ့ပြန်လို့ရတဲ့သူတွေကို လက်မှတ်တွေချက်ချင်းဝယ်ပေးလိုက်လို့ တချို့ပြန်သွားကြပါပြီ။ လေကြောင်းနဲ့ ပြန်ရမယ့်သူတွေကတော့ ကျန်နေပါသေးတယ်။ သူတို့အတွက်လည်း နေထိုင်စားသောက်ဖို့ စီစဉ်ပေးထားပါတယ်"ဟု IOM မှ ထောက်ပံ့နှင့်ပို့ဆောင်ရေး အရာရှိ ဦးရိုရှမ်းက ပြောသည်။

**(သတင်းစဉ်)**

❐



## စွမ်းအင်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလျန်းမြို့တွင် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် World Economic Forum Annual Meeting of the New Champions 2015 ဖွင့်ပွဲအခမ်းအနား ကမ္ဘာ့စီးပွားရေးဖိုရမ်ဆက်စပ်အစည်းအဝေးနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် New Champions 2015 ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်းက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ စွမ်းအင် ထုတ်လုပ်သုံးစွဲရေးနှင့် သတင်းအချက်အလက်လုပ်ငန်းဆိုင်ရာကုမ္ပဏီကြီးများမှ အကြီးအကဲများနှင့် အမှုဆောင်အရာရှိချုပ်များ၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်ခေါင်းဆောင်များနှင့် ပညာရှင်များ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၁၇၀၀ကျော်တက်ရောက်ခဲ့သည်။

အဆိုပါ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ၌ အနာဂတ်ကမ္ဘာ့စီးပွားရေး၊ စွမ်းအင်နှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်သစ်နည်းပညာများ အသုံးချရေး၊ ဒစ်ဂျစ်တယ်စွမ်းအင်စနစ်ထူထောင်ရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အချက်အလက်များအား အသိပညာပေးရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် Future Global Energy Mix ၏ အဓိကစွမ်းအင်အဖြစ် အသုံးပြုနိုင်ရန်အတွက် ရည်မှန်းဆောင်ရွက်ရေး မြို့ပြလူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်အရည်အသွေးပိုမိုကောင်းမွန်လာရေး၊ လက်ရှိဖြစ်ပေါ်လျက်ရှိသော တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ အချက်အလက်များ၊ အနာဂတ်အာရှဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေး၊ ပထဝီနိုင်ငံရေးနှင့်ဒေသတွင်းတည်ငြိမ်မှုရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးစသည့် အချက်များအပေါ် အခြေခံကျင်းပသည့် သီးသန့်ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ်ကာလအတွင်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ Founder and Executive Chairman ဖြစ်သူ Professor Klaus Schwab၊ Head of Centre for Regional Strategies ဖြစ်သူ Mr. Philipp Rosler တို့နှင့်လည်းကောင်း၊ China National Petroleum Corporation၏ Chairman နှင့်လည်းကောင်း၊ UAE နိုင်ငံအခြေစိုက် Abraaj Group နှင့်လည်းကောင်း၊ Huawei ဆက်သွယ်ရေးကုမ္ပဏီနှင့်လည်းကောင်း အသီးသီးတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေး



## ဥပုဒ်ချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**ကလေး စက်တင်ဘာ ၁၄**

ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ကလေးမြို့အတွင်းဖြတ်သန်းစီးဆင်းသော ဥပုဒ်ချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်ရေးသား၍ စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ စည်ပင်သာယာရေးဝန်ထမ်းများဖြင့် စက်ယန္တရားအသုံးပြုဆောင်ရွက်လျက်ရှိသည်။

ကလေးမြို့အတွင်း ဖြတ်သန်းစီးဆင်းသောဥပုဒ်ချောင်းသည် တပ်ဦးသီတာရပ်ကွက်မှ စတင်စီးဆင်းပြီး မြို့တွင်းလူနေရပ်ကွက်များအတွင်း ပေ ၁၈၅၀၀ ခန့်ဖြတ်သန်းစီးဆင်း၍ ပြင်သာကျေးရွာအနီးတွင် မြစ်သာမြစ်အတွင်းသို့ စီးဝင်ပြီး မြို့တွင်းရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

## ကိုရီးယားပြည်သူ့သမ္မတနိုင်ငံမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထပ်မံလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော နေအိမ်များနှင့်ကျောင်းများ ပြန်လည်တည်ဆောက်ရာတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ အား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E.Lee Beaksoon က ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)** **(သတင်းစဉ်)**



## ကလေးဒေသခံများ၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများ အခမဲ့ စစ်ဆေးပေး



**ကလေး စက်တင်ဘာ ၁၄**

ရေဘေးသင့်ဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို Samsung Myanmar မှ ကျွမ်းကျင်ပညာရှင်များက အခမဲ့သွားရောက်စစ်ဆေး ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

ကျွမ်းကျင်ပညာရှင် ခုနစ်ဦးပါ အဖွဲ့သည် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကလေးမြို့ပေါ်ရှိ အားမန်သစ်အီလက်ထရွန်နစ်ဆိုင်တွင် အခြေစိုက်၍ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာများကို အခမဲ့စစ်ဆေးပြုပြင်ပေးခဲ့သည်။ ပြုပြင်စစ်ဆေးလိုသည့်ပစ္စည်းများကို သယ်ယူလာရန် အခက်တွေ့နေသူများအတွက်လည်း ကြိုတင်စီစဉ်ထားသည့် မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် ပြုပြင်ပေးမှုများ ဆောင်ရွက်ခဲ့သည်။

"အစက ဒီလိုမျိုး တစ်နိုင်ငံလုံးမှာ လုပ်ဖို့အတွက် ရေဘေးသင့်တဲ့ဒေသတွေက Samsung Dealer တွေကိုစုံစမ်းကြည့်တယ်။ တော်တော်များများက သူတို့ဒေသက မြို့ပေါ်တွေမှာ ရေသိပ်မကြီးဘူး။ မြို့စွန်ရပ်ကွက်တွေ၊ ကျေးရွာတွေမှာပဲ ဖြစ်တာကြောင့် ဒီလိုလာလုပ်ပေးဖို့ အများကြီး မလိုအပ်ဘူးလို့ ပြောကြပါတယ်။ ဒါပေမယ့် ကလေးမှာကျတော့ တစ်မြို့လုံးမြို့ပေါ်ပါမကျန် ရေမြုပ်သွားတာကြောင့် ဒီက Dealer ဆိုင်ကလည်း ဒီလို အစီအစဉ်မျိုးလာမယ်ဆိုရင် လာခဲ့ပါလို့ ပြောတာကြောင့်လုပ်ဖြစ်တာပါ"ဟု Samsung မှ မမေမိုးဦးက ဆိုသည်။

အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဦးစားပေးပြုပြင်ပေးရန် ရည်ရွယ်ချက်မှာ အဆိုပါပစ္စည်းများသည် ရေလွှမ်းမိုးချိန်တွင် ရွှေ့ပြောင်းရခက်ခဲသောကြောင့် ဖြစ်ကြောင်း ၎င်းက ဆိုသည်။ Samsung ကျွမ်းကျင်အဖွဲ့အနေဖြင့်လည်း Samsung အမှတ်တံဆိပ်များသာမက အခြားအမှတ်တံဆိပ်များကိုလည်း စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ဩဂုတ် ၇ ရက်ကလည်း ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆန်အိတ်၊ သောက်ရေသန့်ဘူးတို့အား လက်ပံတန်း၊ သုံးဆယ်မြို့နှင့် သာယာဝတီမြို့အနီးတစ်ဝိုက် ရေဘေးသင့်ဒေသရှစ်ခုသို့ သွားရောက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံအတွင်း ရောင်းချရသော Samsung ၏တရားဝင်ထုတ်ကုန်များဖြစ်သည့် မိုဘိုင်းဖုန်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများမှ ရရှိသော ငွေပမာဏ တစ်စိတ်တစ်ပိုင်းကို ရေဘေးသင့်ပြည်သူများအား ကူညီပေးမည့် လှုပ်ရှားမှုအစီအစဉ်ဖြင့်လည်း ရေဘေးကယ်ဆယ်ရေး ပံ့ပိုးမှုများအတွက် ကူညီဆောင်ရွက်လျက်ရှိသည်။ **(ကြေးမုံ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီရင်ခံစာ အမှတ်(၅)ထုတ်ပြန်

**ယမန်နေ့မှအဆက်**

ကျန်းမာရေးကဏ္ဍတွင် ရေဘေးသင့်ဒေသများရှိ ပြည်သူ ၁ ဒသမ ၆ သန်းကျော်သည် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ ဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ အမျိုးသမီးကျန်းမာရေး ဆရာမများ ရှားပါးခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အတိုင်းအတာတစ်ရပ်အထိ အခက်အခဲရှိနေဆဲဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ သန့်ရှင်းရေးသုံးပစ္စည်းထုပ်များဖြန့်ဝေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသက်ကယ်ဆေးဝါးများကို ဘေးသင့်ပြည်သူပေါင်း ၁၇၀၀၀၀ အတွက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါဌာနမှ တုံ့ပြန်ရေးအဖွဲ့တို့သည် ကူးစက်ရောဂါများပြန့်ပွားခြင်းမှ ကာကွယ်ရန် ကယ်ဆယ်ရေးစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

စက်တင်ဘာ ၇ ရက် သတင်းအချက်အလက်များအရ ရွေ့လျားဆေးပေးခန်း ၄၀၄ ခု၊ ယာယီဆေးပေးခန်း ၁၁၂၀ ခုကို ထူထောင်ပေးထားပြီး လူနာပေါင်း ၁၃၆၂၅၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ စစ်ဘက်ဆိုင်ရာဆေးအဖွဲ့မှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပူးပေါင်းကာ မြို့နယ် ခြောက်မြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း ဖော်ပြထားသည်။

အာဟာရဖြည့်စွက်ခြင်းအပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ NRG -5 အရေးပေါ် အစာရိက္ခာ ၂၄၄ သေတ္တာ၊ အထူးဖြည့်စွက်အာဟာရမှုန့်သေတ္တာ ၁၁၁၁၂၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် မြို့နယ် ၂၀ မြို့နယ်တွင် အာဟာရဖြည့်စွက်တိုက်ကျွေးခြင်းကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

သောက်သုံးရေနှင့် သန့်ရှင်းရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ရေဘေးသင့်ဒေသများအတွင်း ရေအရင်းအမြစ် ၄၄၅၈ ကို ထပ်မံ၍ ကလိုရင်းဆေးခတ်သည့်အတွက် ယခုအခါ စုစုပေါင်း ရေအရင်းအမြစ် ၁၂၈၄၉၇ ကို ကလိုရင်း ဆေးခတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် အရေးပေါ် ရေအိမ်များ ထောက်ပံ့ပေးခဲ့ပြီး ရေတွင်းရေကန်များ ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများတွင်လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကာ အရေးပေါ် မိသားစုသုံး ရေသန့်စင်ဆေးပြားများကိုလည်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း၊ အရေးပေါ် သောက်သုံးရေနှင့် ရေသန့်စင် ဆေးပြားများ ထောက်ပံ့ပေးခြင်းတို့မှတစ်ဆင့် ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှကာကွယ်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ လုပ်ငန်းစဉ်များအတွက် အစိုးရရန်ပုံငွေအပြင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်း ထပ်မံလိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက် ဖော်ပြထားသည်။

ရှေးဦးပြန်လည်ထူထောင်ရေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အခိုအကာ၊ အစားအစာနှင့် အသက်မွေးဝမ်းကျောင်းအပါအဝင် အိမ်ထောင်စုအခြေပြု ဦးစားပေးဆောင်ရွက်မှုကို ဦးတည်ထားသော ရှေးဦးပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို မွမ်းမံပြင်ဆင်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် အိမ်ခြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အပါအဝင် ဘေးသင့်ပြည်သူများ လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် အမျိုးမျိုးသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် အိမ်ထောင်စုတစ်စုချင်း၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပညာရေးကဏ္ဍတွင် ရေဘေးကြောင့် ကျောင်းပေါင်း ၄၁၁၅ ကျောင်း ပျက်စီးခဲ့ပြီး ၎င်းအနက်မှ ၆၀၈ ကျောင်းသည် လုံးဝထိခိုက်ပျက်စီးခဲ့ကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ပျက်စီးမှုအမြင့်မားဆုံးဖြစ်ပြီး သင်ကြားရေးဆိုင်ရာလုပ်ငန်းများ ၅၄၉ ခု ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအုပ်စုခွဲ School Construction Sub-Working Group သည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကာ သဘာဝဘေးဒဏ်ခံနိုင်သည့် ကလေးများ ပျော်ရွှင်စွာပညာသင်ယူနိုင်မည့်ပုံစံများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၂၄၀၀၀ အား သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ ပစ္စည်းစုံထုပ်များ၊ မိုးကာတဲများ အပါအဝင် ဖြည့်စွက်ပံ့ပိုးမှုများကိုလည်း ထပ်မံထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ချင်းပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများရှိ ကလေးများ ပညာဆက်လက်သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရသည် ရေဘေးတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ ရေဘေးသင့်ဒေသအားလုံးသို့ ရောက်ရှိဆောင်ရွက်နိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် သွားရောက်ဆောင်ရွက်ရန် ခွင့်ပြုထားကြောင်း၊ ဘေးကင်းလုံခြုံရေးနှင့် ဒေသတွင်းဒေသန္တရ လုံခြုံရေးတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး အရေးပေါ် ကွပ်ကဲမှုဗဟိုဌာနမှ ခရီးသွားလာခွင့်များကို ထုတ်ပေးလျက်ရှိကြောင်း စသည်ဖြင့် ထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၁၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ MRTV ဝန်ထမ်းများနှင့် သဘင်အစည်းအရုံး(တပ်ကုန်း)က ငွေကျပ် ၂၈၀၀၀၀၀၊ The Government of Republic of Korea က အမေရိကန်ဒေါ်လာ ၂၀၀၀၀၀၊ First Commercial Bank Co., Ltd Thai က အမေရိကန်ဒေါ်လာ ၃၀၀၀၀ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် 1DA-0300086 သို့ တိုက်ရိုက်ထည့်သွင်းခြင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ငွေ ၂၇၉၉၅၅၀၂ ကျပ်ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော် အလှူငွေစာရင်းအမှတ် CF-002301သို့ တိုက်ရိုက်ထည့်သွင်းခြင်းအပါအဝင် စုစုပေါင်းငွေ ၃၀၇၉၅၅၀၂ ကျပ်၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၀၀၀၀ တို့ကို လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးကျော်လွင်-ဒေါ်နန္ဒီကို(မိသားစု)က ငွေကျပ် ၅၀၀၀၀၀၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ အောင်နန်းဗလီလူမှုအကျိုးဆောင်အဖွဲ့က ငွေကျပ် ၂၈၀၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ အလှူရရှိငွေစုစုပေါင်း ၃၇၇၉၇၁၉၁၄၅ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၇၄၁၂၀၁ ဒသမ ၉၇ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ဧရာဝတီမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၁၄**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေပြီး မင်းဘူးမြို့တွင် သုံးလက်မခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့တွင် နှစ်ပေခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။

**(သတင်းစဉ်)**


ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (မင်းဘူးမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)



ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)



ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




# ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၁၄**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခွဲခန့် ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၁၄**


ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီ၊ ကလေးဝမြို့တွင် ပေဝက်ခန့်နှင့် မင်းကင်းမြို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် နောက်နှစ်ရက်အတွင်း မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)



ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)



## ပြည်တွင်းရေးရာ

✳ ကျောဖုံးမှ

ပြန်လည်ထူထောင်ရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်း ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက် (Post Disaster Need Assessment)တွင် ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များ ပြည့်စုံတိကျ မှန်ကန်စွာရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ တိကျသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လူကုန်ကူးမှု ကာကွယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရပ်တန့်မှုမရှိအောင် ဆောင်ရွက်ပေးရေး၊ ငွေကြေးလည်ပတ်မှုများ ရပ်တန့်မှုအားကုစားရေး၊ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကင်းဝေးရေး စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

အိမ်ထောင်စုအလိုက် ဆုံးရှုံးမှုများနှင့်ပတ်သက်၍ နေအိမ်များ၊ လယ်ယာများ၊ ကျွဲ၊ နွားများ၊ မွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ကြီးရွယ်အိုများ ထောက်ပံ့ပေးခြင်း၊ အိမ်ထောင်စုများသို့ ငွေကြေးထောက်ပံ့မှုပေးခြင်း၊ ရိက္ခာထောက်ပံ့ပေးခြင်း၊ Cash for Work လုပ်ငန်းများ စီမံပေးခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးကိုလည်း ဒေသအလိုက်ဝန်ကြီးဌာနများကို ခွဲဝေတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်း၊ တံတား၊ ရေရရှိရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးကိုလည်း သဘာဝဘေးဖြစ်နိုင်ခြေ လျှော့ချရေးလုပ်ငန်းစဉ်များတွင်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။


ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေးစီမံချက်အတွက် ရှေ့ပြေးစီမံချက်အဖြစ် နမူနာရေးဆွဲထားသည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ရေဘေးသင့်ကာလအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံချက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။


ယင်းနောက် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တို့က မိမိတို့ဒေသအတွင်း သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရမှု၊ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာများနှင့် လိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။


ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းကော်မတီအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ထောက်ပံ့ရေးနှင့် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။


ထို့နောက် အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လမ်းညွှန်ဖြည့်စွက်မှာကြားခဲ့သည်။

**(သတင်းစဉ်)**




## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပေးပို့လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် ဆန်နှင့် အဝတ်အထည်မျိုးစုံတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ပေးပို့ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်ထပ်မံတိုးမြင့် လူနေအိမ်များ၊ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့အမြန်ပြောင်းရွှေ့

**မင်းဘူး စက်တင်ဘာ ၁၄**

မင်းဘူးမြို့မြောက်ဘက်ခြမ်းရှိ ကျေးရွာများတွင် ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်ထပ်မံတိုးမြင့်လာမှုကြောင့် လူနေအိမ်များနှင့်ကျွဲ၊ နွားတိရစ္ဆာန်များကို ရေလွတ်ရာဒေသများသို့ အမြန်ပြောင်းရွှေ့နေရကြောင်း သိရသည်။

မင်းဘူးမြို့မြောက်ဘက် မန်းရေနံမြေဧရိယာအတွင်း မန်းကျိုးရွာ၊ ခြင်ထောင်/ဂွရွာ၊ ထုံးမကြီးရွာ၊ နိဗ္ဗာန်ကျွန်းရွာ၊ ပဒေသာကျွန်းရွာ၊ ရွာသစ်ကုန်းရွာ၊ ဆည်ရွာ၊ ပေါက်လေးပင်ရွာ၊ ပေါက်ငူရွာ၊ သနပ္ပင်စုရွာ၊ ငွေသောင်ရွာ၊ ကျောင်းကုန်းရွာစသည့် ကျေးရွာများတွင် ဧရာဝတီမြစ်ရေကြောင့် ရေနစ်မြုပ်မှုကြုံတွေ့နေရပြီး ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၏ စိုးရိမ်ရေမှတ်ထိရောက်ရှိကာ တစ်နေ့လျှင် တစ်ပေနှုန်းမြင့်တက်ခဲ့ကြောင်း နောက်ထပ်နှစ်ရက်မှ သုံးရက်အထိ ဆက်လက်မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနမှ သိရသည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့ပတ်ဝန်းကျင်ဒေသများ၌ စက်တင်ဘာ ၁၁ ရက်မှ စတင်ကာ ၁၆၆၅ စင်တီမီတာအထိမြင့်တက်ခဲ့ပြီး မင်းဘူးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၇၀၀စင်တီမီတာရှိကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် စိုးရိမ်ရေမှတ် ၁၇၀၇ စင်တီမီတာသို့ ရောက်ရှိနေကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီမှ ကော်(၃)ကော်စီမံချက်ဖြင့် ရေနစ်မြုပ်ရာဒေသများကို နေရာချထားပေးခြင်း၊ စားနပ်ရိက္ခာနှင့် သောက်သုံးရေများလှူဒါန်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးနေကြောင်း၊ မင်းဘူးမြို့ပေါ်ရှိ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်တို့တွင်လည်း ပြောင်းရွှေ့နေရာချထားရေးများကို ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိပါကြောင်း မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီဝင်းက ပြောသည်။

"ပထမအကြိမ်ရေကြီးနစ်မြုပ်တုန်းက ရေဘေးဒုက္ခသည်စခန်းတွေနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေကို ကျန်းမာရေးဝန်ထမ်းတွေနဲ့ ဆေးကုသမှုဆောင်ရွက်တာတွေ ပြုလုပ်ပေးတယ်။ အခုတစ်ကြိမ်လည်း ကယ်ဆယ်ရေးစခန်းတွေနဲ့ ကျေးရွာတွေကို ကျန်းမာရေးဝန်ထမ်းတွေလွှတ်ပြီး ဆေးကုသမှုဆောင်ရွက်ပေးနေပါတယ်။ ရေပြန်ကျခဲ့ရင်လည်း ကျေးရွာတွေအထိ ကျန်းမာရေးဝန်ထမ်းတွေစေလွှတ်ပြီး ရေတွင်း/ရေကန်တွေကို ပိုးသတ်ဆေးပက်ဖျန်းပေးခြင်း၊ သောက်သုံးရေသန့်များဖြန့်ဝေခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်" ဟု ၎င်းက ပြောသည်။

"အရင်ရေကြီးမှုတုန်းကလည်း ရွာကလူတွေ တော်တော်လေးကို ဆုံးရှုံးကြပါတယ်။ ရေတက်လာတာ သုံးရက်တည်းနဲ့ ရွာလယ်မှာမထောက်မိတော့ဘူး။ ရေလွတ်ရာကိုရရာဆွဲပြီး အမြန်ပြောင်းရွှေ့ကြရတယ်။ အခုတစ်ကြိမ်လည်း ရေတက်လာတာ လေးရက်အတွင်း ရွာလယ်မှာမထောက်မိတော့ဘူး။ နွားစာစင်ပေါ်မှာကို ရေကဒူးဆစ်လောက်ရောက်နေတော့ နွားစာတွေလည်း အားလုံးဆုံးရှုံးကုန်ပါပြီ။ နွားတွေကိုလည်း ရေလွတ်ရာကို ပြောင်းရွှေ့ပို့ထားရတယ်" ဟု နိဗ္ဗာန်ကျွန်းကျေးရွာနေ ဒေါ်ငွေယံက ပြောသည်။

ရေတက်ကတည်းက သောက်ရေကို အိမ်ပေါ်သို့ ကြိုတင်ခပ်တင်ထားပြီး ထမင်း/ဟင်းချက်ရန်အတွက် မြစ်ရေကို ကျောက်ချဉ်စိမ်ပြီး ရေကြည်ကိုချက်ပြုတ်သည့်အခါတွင် အသုံးပြုရကြောင်း၊ ရေတက်ရက်ကြာခဲ့ပါက သောက်ရေပင် အခက်အခဲတွေ့နိုင်ကြောင်း၊ ၎င်းတို့ရွာနှင့်ပတ်ဝန်းကျင်ရွာတွေလည်း ရွာလုံးကျွတ် ရေနစ်မြုပ်နေကြပြီး ဧရာဝတီမြစ်ရေ နှစ်ကြိမ်တက်ရောက်ခဲ့မှုကြောင့် မိသားစုများ စားဝတ်နေရေး ခက်ခဲမှုကြုံတွေ့ရကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ရွာမှာ အခုတစ်ကြိမ်ရေကြီးနစ်မြုပ်မှုကြောင့် အမျိုးသား ၁၄၂ ဦး၊ အမျိုးသမီး ၁၄၇ ဦးနှင့် နွားကောင်ရေ ၁၅၄ ကောင်ကို မန်းကွင်းထဲပြောင်းရွှေ့ထားပြီး ရွာသစ်ကုန်းရွာ၊ ဆည်ရွာမှ အိမ်ထောင်စု ၂၀ စု၊ လူဦးရေ ၅၁ ယောက် နှစ်ရွာပေါင်း နွားကောင်ရေ ၅၀၂ ကောင်ကိုလည်း မန်းကွင်းထဲမှာပဲ နေရာချထားပေးရတယ်။ ထုံးမကြီးရွာမှ အိမ်ခြေ ၅၀ ကျော်က မိသားစုတွေအားလုံးကိုလည်း မန်းကွင်းထဲမှာပဲ နေရာချထားပေးတယ်"ဟု မန်းကျိုးကျေးရွာ အထောက်အကူပြုခေါင်းဆောင် ဦးမင်းမင်းက ပြောသည်။

ထုံးမကြီးရွာ၊ ဆည်ရွာ၊ ရွာသစ်ကုန်းရွာများတွင် စပါးစိုက်ပျိုးထားသည့် စပါးခင်းများ နှစ်ကြိမ်လုံး ရေနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့ပြီး တခြားရွာများရှိ စိုက်ပျိုးသီးနှံများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယခုတစ်ကြိမ်နှင့်ဆို နှစ်ကြိမ်ရေနစ်မြုပ်မှုကြောင့် ဒေသတွင်းကျေးရွာများတွင် စားဝတ်နေရေးခက်ခဲမှုကြုံတွေ့နေရခြင်း၊ နွားစာအခက်အခဲများကြုံတွေ့ရခြင်းနှင့် ယခင်ရေကြီးစဉ်က ကျန်းမာရေးဝန်ထမ်းများ သဘော်ဖြင့် လာရောက်ကုသကြကြောင်း ယခုလည်း လာရောက်ကုသစေလိုကြောင်း ၎င်းက ဆက်ပြောသည်။

နိဗ္ဗာန်ကျွန်းကျေးရွာတွင် အိမ်ခြေ ၂၄၀၊ အိမ်ထောင်စု ၂၅၅ စု၊ လူဦးရေ ၁၃၁၀၊ နွားကောင်ရေ ၅၄၆ ကောင်ရှိပြီး မန်းကျိုးကျေးရွာတွင် အိမ်ထောင်စု ၃၅၀၊ လူဦးရေ ၁၀၁၇ ဦး၊ နွားကောင်ရေ ၅၀၂ ကောင်၊ ဆိတ်/သိုးကောင်ရေ ၃၆၀ ရှိကြောင်း သိရသည်။ **ကိုကျော်(မင်းဘူး)**



# ဒီအနုပညာဗဟိုဌာနက အနုပညာနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပြင် မျိုးဆက်သစ်တွေ မွေးထုတ်သွားနိုင်မယ့်နေရာတစ်ခုပါ

ဦးလူမင်း(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)

သတင်းအင်တာဗျူး
ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်

**မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်ရန် အနုပညာဗဟိုဌာနများကို မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့် ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များစွာရှိသည့် မန္တလေးမြို့များတွင် တည်ဆောက်သွားမည်ဖြစ်သည်။**

ယနေ့နံနက် ၈ နာရီခွဲတွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် စော်ဘွားကြီးကုန်းလမ်းဆုံအနီး လမ်းသစ်လမ်းမပေါ်ရှိ မြေ ၇ ဒသမ ၅ ဧကတွင် မြန်မာ့အနုပညာ ဗဟိုဌာန (ရန်ကုန်) အဆောက်အအုံပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ပန္နက်တိုင် စိုက်ထူပေးသည်။

အနုပညာ ဗဟိုဌာနများကို တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာ နိုင်ငံ့ဂုဏ်သိက္ခာ မြင့်မားစေရန်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အနုပညာရှင်များ၏ ဘဝရှင်သန်ရပ်တည်နိုင်ရန်ဖြစ်ရာ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပုကဲ့သို့ ပန်းဆယ်မျိုးစသည့် အနုပညာရှင်များ၏ ရင်တွင်းစကားများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

**ဒါရိုက်တာပန်းချီစိုးမိုး (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက)**

ပွင့်ပွင့်လင်းလင်းပြောရရင် အနုပညာလောကတစ်ခုလုံးက မျှော်လင့်တဲ့ကိစ္စပါ။ အခုလို ကျယ်ကျယ်ဝန်းဝန်း နေရာနဲ့ ရန်ကုန်နဲ့ အလှမ်းမဝေးတဲ့ နေရာမှာ နိုင်ငံတော်သမ္မတကြီး အနေနဲ့ဆောင်ရွက်ပေးတဲ့အတွက် အနုပညာသည် အားလုံးကိုယ်စား ဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ယောက်ချင်းရဲ့ အခွင့်အရေး



သူထူးစံ

မဟုတ်ဘူး။ တစ်လောကလုံးရဲ့ အခွင့်အရေးပါ။ ဂီတပဲဖြစ်ဖြစ်၊ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဇာတ်သဘင်ပဲဖြစ်ဖြစ် အားလုံးရဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တာကြောင့် အားလုံးကိုယ်စား ဝမ်းသာတယ်။ ရုပ်ရှင်ပညာရှင်တွေထဲမှာ အဆိုလည်းနိုင်တယ်။ ပြဇာတ်လည်း ကနိုင်တယ်။ နှစ်ပေါင်းများစွာ အဆို၊ အက၊ အရေး၊ အတီးလည်းလုပ်ခဲ့ကြတယ်။ အနုပညာက တစ်ခုနဲ့တစ်ခု ဆက်နွှယ်နေကြတယ်။ ဒါကြောင့် အားလုံးအတွက် ဗိမာန်ကြီးတစ်ခုလို့ယူဆတယ်။ အဲဒီအတွက် တကယ်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာတယ်။ ပန်းချီပညာကို ပြည်တွင်းမှာတော့ ကိုယ်ပိုင် Gallery တွေနဲ့ ပြကြတာများတယ်။ ဒါကတော့ International ဖြစ်တာကြောင့် ပန်းချီကို Hall တစ်ခုလုပ်ရမယ်။ ပြီးတော့ သတ်သတ်ရှိုးလုပ်ရမယ်။ ပန်းချီပြခန်းကို အမြဲတမ်းထားရမယ်။ နိုင်ငံတကာမှာ အနုပညာအားလုံး Unity ဖြစ်တယ်။ အခုအခါ နိုင်ငံတော်က ကူညီထောက်ပံ့ပေးတာကြောင့် အနုပညာလောကတစ်ခုလုံး ရှင်သန်နိုင်မယ်လို့ မြင်တယ်။

**ဒေါ်နွဲ့နွဲ့စန်း (မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး)**

အမေတို့က ဒီအဆောက်အအုံကြီး ဖြစ်မြောက်အောင် သမ္မတကြီးကို ဝိုင်းပြီးတောင်းဆိုကြတယ်။ သမ္မတကြီးက လုပ်ပေးမယ်ပြောတော့



ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်

အိပ်မက်က လန့်နိုးလာသလိုပဲ။ တစ်ခါတည်း ရွှေတောင်ပေါက်သလို ထင်တယ်။ ဒီလိုထင်ရတာကလည်း တစ်ယောက်အတွက် မဟုတ်ပါဘူး။ သဘင်လောကသား အားလုံးအတွက်ပါ။ သဘင်အဆင့်အတန်းမြင့်လာဖို့၊ တိုးတက်ဖို့ သဘင်သမားတွေ အဆင့်မြင့်ဖို့ လုပ်ပေးတာဖြစ်လို့ နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်တယ်။ အခုချိန်မှာ ဇာတ်ရုံဆိုရင် ရှာနေရတာ သဘင်အတွက်သာမဟုတ်ပါဘူး။ နိုင်ငံ



လူမင်း

တကာက လာဖျော်ဖြေရင်လည်း ဗဟုသုတရမယ်။ အဆင့်မြင့်တဲ့ ဇာတ်ရုံမှာ ဖျော်ဖြေရမှာဖြစ်တဲ့အတွက် ဂုဏ်ယူတယ်။

အခုဆိုရင် အမျိုးသားဇာတ်ရုံက အမြင့်ဆုံးလေ။ ဒီထက်မြင့်မားတဲ့ နေရာမှာ ဖျော်ဖြေရမှာဖြစ်တဲ့အတွက် ဝမ်းသာလွန်းလို့ မပြောပြတတ်အောင်ဖြစ်ရတယ်။

**ဦးတင်ဦးလေး (မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ)**

ကျွန်တော့်အသက် (၇၀)ပြည့်ပြီးချိန်မှာ ဒီလိုအဆောက်အအုံကြီးဖြစ်ပေါ်လာမယ်ဆိုတာ ဂီတအစည်းအရုံးဥက္ကဋ္ဌ သက်တမ်းတစ်လျှောက်မှာ အများကြီး ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဒီအဆောက်အအုံကြီး မပေါ်ခင်ကတည်းက လေ့လာရေးဆိုပြီး ပြည်ပကို နိုင်ငံတော်ကလွှတ်ပါတယ်။ ဟိုမှာတွေ့ခဲ့တဲ့ Theatre တွေက အလွန်ခေတ်မီတယ်။ ဒီမှာလည်း အင်မတန်ခေတ်မီတဲ့ အဆောက်အအုံကြီးကို မျက်ဝါးထင်ထင် ပေါ်ထွက်လာမှာဖြစ်လို့ အိပ်မက်လိုပါပဲ။ ဒီအဆောက်အအုံဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ နိုင်ငံတော်သမ္မတကြီးနှင့် တာဝန်ရှိသူတွေအားလုံးကို အများကြီး ကျေးဇူးတင်တယ်။ ဒီအဆောက်အအုံကြီးမှာ ရုပ်ရှင်၊ ဂီတ ကျန်တဲ့ အဖွဲ့အစည်းတွေ အသုံးပြုနိုင်မယ်။ လူ ၃၀၀၀ ဆံ့မယ့် ခန်းမကြီးလည်း



ဒါရိုက်တာပန်းချီစိုးမိုး

ပါဝင်မယ်။ ဒီအဆောက်အအုံကြီး ဘွားကနဲပေါ်လာတော့ ဒီအဆောက်အအုံပြီးရင် ဂီတလောကသားတွေ စည်းကမ်းရှိရှိ ညီညီညွတ်ညွတ်နဲ့ တင်ဆက်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့လိုပါတယ်။

**ဦးအောင်လွင် (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက)**

သမ္မတကြီးကိုယ်တိုင်တွေ့ဆုံခဲ့တာ သုံးကြိမ်ရှိသွားပါပြီ။ ပထမအကြိမ်တုန်းက ဂီတ၊ ရုပ်ရှင်၊ သဘင်အားလုံးနဲ့ နိုင်ငံတော် စိမ်းလဲ့ကန်သာ



လမင်းအိန္ဒြေ

ဧည့်ဂေဟာမှာဆုံကြတယ်။ ဒုတိယအကြိမ်တွေ့ပြီးတော့ အကောင်အထည်ပေါ်လာတယ်။ ဒီလိုနေရာအကျယ်ကြီးမှာ ဒီလိုအဆောက်အအုံဖြစ်လာမယ်ဆိုတော့ အံ့ဩပါတယ်။ စော်ဘွားကြီးလမ်းဆုံနဲ့ မင်းဓမ္မလမ်းဆုံအနီးမှာဆိုတော့ မြေနေရာ အသေးလေးပဲထင်ခဲ့တာ အခုလိုနေရာမျိုးမှာ ဆောက်လုပ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်တယ်။ အနုပညာလောကအတွက် အကုန်လုံးကောင်းပါတယ်။

**သူထူးစံ (ရုပ်ရှင်သရုပ်ဆောင်)**

ကျေးဇူးတင်ပါတယ်။ နေရာတစ်နေရာတော့ သတ်သတ်မှတ်မှတ်ဖြစ်သွားတယ်။ ဒီအဆောက်အအုံအတွက်ကိုတော့ ကော်မတီတွေဖွဲ့ပြီး လုပ်ကြမယ်လို့ပြောတယ်။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ အဆင်သင့်ပါ။ ကျွန်တော် ရုပ်ရှင်နယ်ပယ်မှာ ဖြတ်သန်းလာတာ ၁၅ နှစ်ကျော်ပြီ။ အခုအခါမှာ တိုးတက်ဖို့ လမ်းစတွေမြင်ရတယ်။ ဒီအဆောက်အအုံက နောက်မျိုးဆက်သစ်တွေအတွက် အများကြီး ကံကောင်းခြင်းတွေ ဖန်တီးပေးမှာပါ။

**ဦးလူမင်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

ဒီအဆောက်အအုံကြီးကို ဘယ်လိုဒီဇိုင်းနဲ့ ပုံစံဆောက်မယ်ဆိုတာ နိုင်ငံခြားလေ့လာရေးခရီးတွေ သွားခဲ့တယ်။ အဆောက်အအုံဆောက်ဖို့ အစကတည်းက အသေးစိတ် ဆွေးနွေးခဲ့ကြတယ်။ အခုပန္နက်တင်ပြီ။ ဆောက်လုပ်ပြီးသွားရင်လည်း ရေရှည်



ဒေါ်နွဲ့နွဲ့စန်း

ထိန်းသိမ်းဖို့ အသုံးချဖို့ ကော်မတီတွေဖွဲ့ပြီးဆောင်ရွက်ဖို့ ကျွန်တော်တို့ပါဝင်ကြရမှာပါ။ ဒီအဆောက်အအုံမှာ ပြဇာတ်ရုံကြီးပါမယ်။ Mini Theatre လေးတွေ၊ ခန်းမတွေ၊ Function area လေးတွေလည်းပါမယ်။ အနုပညာနဲ့ပတ်သက်ပြီး Art Centre ဆိုတဲ့အတိုင်း အနုပညာ ဗဟိုဌာနကြီးတစ်ခု ဖြစ်လာမှာပါ။ အနုပညာနဲ့ ပတ်သက်တဲ့ပွဲတော်တွေ၊ လုပ်ငန်းဆောင်တာတွေ တစ်နှစ်ပတ်လုံး (၁၂)ရာသီအခွင့်အရေးရနေမယ့်



အိချောပို

နေရာတစ်ခုဖြစ်ပါတယ်။ ဒါနိုင်ငံတကာအဆင့်မီ Art Centre ပါ။ Sound System တွေ၊ Stage စင်တွေ၊ ဖျော်ဖြေတင်ဆက်မှုပုံစံတွေကအစ နိုင်ငံတကာအဆင့်မီအောင် လုပ်သွားမှာပါ။ ဒီဇာတ်ရုံကြီးက နိုင်ငံတကာအဆင့်မီ ဖျော်ဖြေရေး တင်ဆက်ရမှာပါ။ သင်တန်းကျောင်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နိုင်မယ့်နေရာတွေလည်းပါမယ်။ ဒီအနုပညာဗဟိုဌာနက အနုပညာနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပြင် မျိုးဆက်သစ်တွေ မွေးထုတ်သွားနိုင်မယ့် နေရာတစ်ခုပါ။ သမ္မတကြီးတို့ မအားတဲ့ကြားက အခုလိုမျိုး အချိန်ပေးပြီး မဖြစ် ဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒါတိုင်းပြည်ရဲ့ လိုအပ်ချက်တစ်ခုဖြစ်သလို အနုပညာရှင်၊ အနုပညာလောကအတွက်လည်း လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။


**ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် (ယဉ်ကျေးမှုဝန်ကြီးဌာန )**

မြန်မာတွေက ရှေးကတည်းက ယဉ်ကျေးမှုအဆင့်အတန်းအတော်လေးမြင့်ခဲ့တယ်။ ဇာတ်သဘင်၊ စာပေ၊ ပန်းဆယ်မျိုး၊ အနုသုခုမ လက်ရာတွေ ဒါတွေလည်း ဖွံ့ဖြိုးခဲ့တယ်။ ဒီနေရာမှာ ဒီလိုဗဟိုဌာန ဆောက်ပေးတဲ့အတွက် ရုပ်ရှင်၊ ဇာတ်သဘင်၊ ဂီတတေးသီချင်းဆိုင်ရာတွေကို ဒီနေရာမှာ ပူးပေါင်းဖျော်ဖြေခွင့်ရမယ်။ ဒီလိုသမိုင်းကြောင်း မြင့်မားတဲ့ယဉ်ကျေးမှုကို ခေတ်မီနည်းပညာတွေနဲ့ပေါင်းစပ်ပြီးတော့



ဦးတင်ဦးလေး

ဖျော်ဖြေတင်ဆက်သွားမယ်ဆိုရင် ပြည်သူတစ်ရပ်လုံးက ပိုပြီးစိတ်ဝင်စားလာမယ်၊ ကြည့်ရှုအားပေးသူတွေလည်း ပိုများလာမယ်၊ အနာဂတ်မျိုးဆက်သစ်တွေ ယဉ်ကျေးမှုကို ပိုနားလည်လာမယ်၊ ပိုတန်ဖိုးထားလာမယ်၊ ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းလာမယ်လို့ ယုံကြည်တယ်။ ဒီလိုပဲ ပြည်ပဧည့်သည်တွေ လာရောက်လည်ပတ်ပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာ၊ အနုသုခုမအားလုံးကို ပိုပြီးတော့ နားလည်သွားမယ်လို့



အမရာငြိမ်း

ယုံကြည်တယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ယဉ်ကျေးမှုကို ကမ္ဘာကျော်အောင် ပြသသွားနိုင်မှာဖြစ်ပါတယ်။ ယဉ်ကျေးမှုစင်တာဆိုတာ ဖျော်ဖြေရုံသက်သက်မဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မယ့် ဇာတ်ရုံကြီးတွေ တည်ဆောက်ထားသလို မြန်မာမှု အနုလက်ရာပစ္စည်းတွေကို ထုတ်လုပ်ရောင်းချသွားမယ့် လူအများသိအောင် ဆောင်ရွက်သွားမယ့်နေရာ တစ်ခုဖြစ်ပါတယ်။ မြန်မာတို့ရဲ့ယဉ်ကျေးမှု အနုပညာတွေ တပေါင်းတစည်းတည်း ဖော်ထုတ်ပြသသွားနိုင်မယ့် နေရာလို့ ပြောချင်ပါတယ်။

**လမင်းအိန္ဒြေ (ရုပ်ရှင်သရုပ်ဆောင်)**

ဒီလိုမျိုး ခေတ်မီတိုးတက်တဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာ အားလုံးကို တစုတစည်းတည်း ဖြစ်အောင်လုပ်ပေးတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ အနုပညာရှင်တွေနဲ့၊ အနုပညာလောကအတွက် ဗဟိုဌာနတည်ဆောက်ပေးတဲ့အတွက် အနုပညာလောက ပိုပြီးတိုးတက်လာမယ်လို့မြင်ပါတယ်။ အနုပညာရပ်ဝန်း တစ်ခုလုံး တိုးတက်လာတာနဲ့ အမျှ အနုပညာဝါသနာပါတဲ့ မျိုးဆက်သစ်တွေလည်း စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ ပိုပြီးတော့ လုပ်ဆောင်နိုင်မယ်၊ ထိရောက်မယ်။ အစစအရာရာ သင်ကြားမှုပုံစံရော၊ သင်ယူတတ်မြောက်မှုပုံစံရော ဒီလိုနေရာမျိုးက ထွက်လာပြီဆိုရင် ရိုက်ကွင်းပေါ်မှာ ပဲရောက်ရောက်၊ စတိတ်စင်ပေါ်ပဲ ရောက်ရောက် ကိုယ့်အတွက် ယုံကြည်မှုပိုရှိလာမယ်။



ဦးအောင်လွင်

ဒါကြောင့် အနုပညာစင်တာတစ်ခု မရှိမဖြစ် လိုအပ်ပါတယ်။

**အိချောပို (ရုပ်ရှင်သရုပ်ဆောင်)**

ရုပ်ရှင်လောကသားတွေအတွက် အလွန်ကောင်းတဲ့ နေရာတစ်ခုပါ။ ရုပ်ရှင်လောကသားတွေအတွက် အလားအလာကောင်းတွေ၊ ရုပ်ရှင်မျိုးဆက်သစ် လူငယ်တွေအတွက် အခွင့်အရေးတွေ အများကြီးရနိုင်မယ်လို့ ထင်ပါတယ်။

**အမရာငြိမ်း (မော်ဒယ်သရုပ်ဆောင်)**

Miss Myanmar International



ကောင်းပြည့်

(2015) နဲ့ Miss Famous ဆုနှစ်ခု ရထားပါတယ်။ အနုပညာလောကသားတွေနဲ့ အနုပညာလောကအတွက် အလွန်ကောင်းပါတယ်။ တိုးတက်လာတဲ့ ပြရုပ်တစ်ခုလို့ ထင်ပါတယ်။ ဒီအနုပညာဗဟိုဌာနကြီး ဆောက်လုပ်ပြီးသွားရင် မြန်မာ့ရုပ်ရှင် ဒီထက်ပိုပြီး တိုးတက်လာမယ်လို့ မြင်ပါတယ်။

**ကောင်းပြည့် (ရုပ်ရှင်သရုပ်ဆောင်)**

အနုပညာရှင်တွေ လိုအပ်နေတဲ့ အနုပညာအဆောက်အအုံကြီးကို တည်ဆောက်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ အနုပညာလုပ်ငန်းတွေ အရင်ကထက်စာရင် တိုးတက်လာတယ်။ အရင်ထက်ပိုပြီး အဆင့်အတန်းမြင့်လာလေလေ မြန်မာရုပ်ရှင်ပိုပြီး အဆင့်မြင့်လာမယ်၊ လူကြိုက်လည်းများလာမယ်၊ အရည်အသွေးလည်း ကောင်းလာမယ်လို့ ယုံကြည်ပါတယ်။ အခုလိုမျိုး နိုင်ငံတော်က ကူညီထောက်ပံ့ပေးတော့ အနုပညာရှင်အားလုံး ဝမ်းသာမယ်လို့ မျှော်လင့်ပါတယ် ကျေးဇူးတင်ပါတယ်။

# လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြပွဲ ကျင်းပ

**သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Daedong Industrial Co., Ltd တို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် စက်စွမ်းရည်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့မောင်းနှင်သရုပ်ပြခြင်း အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု ဘက်စုံစိုက်ပျိုးရေးခြံတွင် ကျင်းပခဲ့သည်။**

**ဦးအောင်သူရ**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**သမဝါယမဦးစီးဌာန သမဝါယမဝန်ကြီးဌာန**



ဦးအောင်သူရ။



ဦးမျိုးချစ်။



ဦးတင်ငွေ။



ဦးကျော်မြင့်။

လယ်ယာသုံး စက်ကိရိယာပစ္စည်းတွေနဲ့ ပတ်သက်ပြီး လက်ငင်းပေးချေဝယ်ယူရမယ့်အစား လက်တွန်းထွန်စက်များကို (၅)နှစ်အရစ်ကျငွေချေစနစ်နဲ့ အာမခံ(၃)နှစ်၊ မြင်းကောင်ရေ ၅၀ နှင့်အောက် စက်ပစ္စည်းများကို (၆) နှစ် အရစ်ကျငွေချေစနစ်နဲ့ အာမခံ(၁) နှစ်၊ မြင်းကောင်ရေ ၆၀ နှင့် အထက် စက်ပစ္စည်းများကို (၇)နှစ် အရစ်ကျငွေချေစနစ်နဲ့ အာမခံ (၁)နှစ်တို့ဖြင့် ရောင်းချပေးတာဖြစ်ပါတယ်။ ပေးဆပ်ရမယ့် ကာလကြာရှည်တဲ့အတွက် အကြိမ်လိုက်ပေးဆောင်ရမယ့် အရင်းပမာဏနဲ့ အတိုးနှုန်းတို့မှာလည်း နည်းပါးပြီး ထွန်စက်ကိုယ်ပိုင်ဖြစ်နိုင်ရေး အခွင့်အလမ်းများ ပိုမိုရရှိမှာဖြစ်ပါတယ်။ ရာသီအချိန်ကိုက် သူတို့ရဲ့လုပ်ငန်းတွေကို အချိန်မလစ်ဟင်းဘဲ မြန်မြန်ပြီးအောင် ဆောင်ရွက်နိုင်တဲ့အပြင် အခြားနေရာတွေကို အငှားလိုက်ခြင်းဖြင့်လည်း သူတို့ရဲ့ ကိုယ်ပိုင်ဝင်ငွေတွေ တိုးပွားရရှိလာမှာ ဖြစ်ပါတယ်။ အသင်းသားတောင်သူလယ်သမားများအနေနဲ့ မိမိတို့သိလိုတဲ့ ဈေးနှုန်းတွေ၊ ဝန်ဆောင်မှုတွေ၊ ပြန်ဆပ်ရမယ့်ကာလတွေ၊ စက်စွမ်းအားတွေကို အသေးစိတ်သိချင်တာတွေ မေးမြန်းနိုင်ပါတယ်။ ဝယ်ယူအသုံးပြုလိုပါက ဝယ်ယူအသုံးပြုနိုင်အောင်၊စက်ပစ္စည်းဝယ်ယူထားတဲ့သူတွေကိုလည်း လက်တွေ့ကိုင်တွယ် အသုံးပြုထိန်းသိမ်းတတ်အောင် ထပ်မံပြသပေးခြင်းလည်းဖြစ်ပါတယ်။ စက်ပစ္စည်းတွေအတွက် လိုအပ်တဲ့ ဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးနိုင်ရန်လည်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း Service Center ကို ဖွင့်လှစ်ပေးထားပါတယ်။

**ဦးမျိုးချစ်**
**ဒုတိယညွှန်ကြားရေးမှူး**
**နေပြည်တော်ကောင်စီသမဝါယမဦးစီးဌာန**

သမဝါယမကဏ္ဍ၊ သမဝါယမလမ်းကြောင်းကနေပြီးတော့ လယ်ယာသုံး စက်ကိရိယာတွေကို အသင်းသားလယ်သမားတွေ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ အသင်းသားလယ်သမားတွေလက်ထဲမှာ လယ်ယာသုံးစက်ကိရိယာတွေ ရောက်သွားတဲ့အတွက် သူတို့ရဲ့ လယ်ယာတွေမှာ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

**ဦးတင်ငွေ**
**အသင်းသားတောင်သူ၊**
**ပျဉ်းမနားမြို့နယ်**

လက်မှုလယ်ယာစနစ်နဲ့ပဲ လုပ်နေတဲ့အခါကျတော့ အချိန်ကုန်နှောင့်နှေးနေတဲ့ဘဝကနေပြီး အခုဆိုစက်စွမ်းအားနဲ့ဆိုရင် အမြန်ပြီးသွားတာပေါ့။ Daedong ထွန်စက်တွေက စက်စွမ်းအားကောင်းပြီး ဆီစားသက်သာတဲ့အပြင် ရောင်းပေးတဲ့စနစ်က အရစ်ကျ ၆ နှစ် ၇ နှစ် ဆိုတော့ ကျွန်တော်တို့တွေ တဖြည်းဖြည်းနဲ့ သွင်းသွားမှာဆိုတော့ ကျွန်တော်တို့တွေ တဖြည်းဖြည်းနဲ့ စက်ပိုင်လယ်သမားအဆင့်ကို ရောက်သွားမှာဖြစ်ပါတယ်။

**ဦးကျော်မြင့် အသင်းသား တောင်သူ၊**
**ဥတ္တရသီရိမြို့နယ်**

ဒီလယ်ယာသုံး စက်ကိရိယာတွေ ဝယ်ယူလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ အရင်က ခက်ခဲခဲ့တဲ့ ထယ်ထိုးခြင်းလုပ်ငန်းတွေကို စက်နဲ့လုပ်ကိုင်နိုင်တော့ အချိန်မီစိုက်ပျိုးနိုင်တဲ့ ကိစ္စတွေ၊ အကျိုးအမြတ်တွေ ပိုမိုရရှိလာပါတယ်။ စက်ဝယ်ယူနိုင်ဖို့ ကိုယ့်မှာရှိတဲ့ငွေထက် ကာလကြာရှည်စွာ အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့ ဝယ်ယူနိုင်ကာ အကျိုးရှိပါတယ်။

**မြင့်ဇော်ထွန်း**



# လိပ်သိုဒေသထွက် ကွမ်းသီးများ အထွက်နည်းသော်လည်း ဈေးကောင်းရ

**လိပ်သို စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ကွမ်းသီးပင်များကို စီးပွားဖြစ်စိုက်ပျိုးသောဒေသဖြစ်ရာ ယခုနှစ် မိုးရွာသွန်းမှုများခြင်း၊ နေပူပြင်းထန်ခြင်းတို့ကြောင့် ကွမ်းသီးအထွက်နည်းသော်လည်း ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဇွန်လပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ကွမ်းသီး အသီးကင်းကလေးများ ပျက်စီးဆုံးရှုံးမှုများကာ အသီးတင်၊ အသီးထွက်နည်းရခြင်းဖြစ်ပြီး ယခင်နှစ်က ပုံမှန်အားဖြင့် ကွမ်းသီးတစ်ပင်လျှင် ကွမ်းသီးခြောက် တစ်ပိဿာခွဲမှ နှစ်ပိဿာခွဲထိရရှိရာမှ ယခုနှစ်ကွမ်းတစ်ပင်လျှင် ၅၀ သားမှ တစ်ပိဿာခန့်သာရရှိတော့သည်အထိ ကွမ်းသီးအထွက်နည်းသွားကြောင်း သိရသည်။ ရာသီဥတုကြောင့် ကွမ်းသီးအထွက်နည်းသော်လည်း ကွမ်းသီးဝယ်လိုအားများခြင်းကြောင့် ယခင်နှစ်ဈေးနှုန်း ကွမ်းသီးအဖြူ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၄၅၀၀ ထိ ရရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ပိဿာဈေးနှုန်း ကျပ် ၆၅၀၀ မှ ကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိနေရာ ဈေးကောင်းရရှိသဖြင့် ဒေသခံပြည်သူများ စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**မန္တယ်(ပြန်/ဆက်)**

# ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့် မြေဩဇာပေးအပ်

**ဖယ်ခုံ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်စေရေးနှင့် အစားထိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဆောင်းသီးနှံ(GAP) စနစ်စိုက်ပျိုးရန် နေကြာအထူးအထွက်တိုးမျိုးနှင့် ဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးချိုချို၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ် မိုက်ခရိုဝေ့ဌာနများမှ တာဝန်ခံများ တက်ရောက်ပြီး ခေါင်းအိကျေးရွာ၊ ရီနွဲ့ကျေးရွာ၊ ရီလုံရီကန်ကျေးရွာ၊ ကုန်းဆုံးကျေးရွာနှင့် လွင်ပေါကျေးရွာတို့မှ တောင်သူများအား စုစုပေါင်း စိုက်ဧက ၁၀၀ စိုက်ပျိုးနိုင်ရန် နေကြာမျိုးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုထွေး (ဖယ်ခုံ)**

# သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးညှိနှိုင်း

**ဟားခါး စက်တင်ဘာ ၁၄**

ဟားခါးမြို့နယ် သဘာဝဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ မြို့နယ်ပြန်လည်ထူထောင်ရေးရုံး၌ ကျင်းပရာ မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UN/ INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ကူညီထောက်ပံ့သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လုပ်ငန်းလိုင်စင်မဲ့ပြေးဆွဲနေသော သုံးဘီးယာဉ်များအား မြို့နယ်လှည့်ကင်းများဖြင့် အရေးယူဆောင်ရွက်သွားမည်

**မင်းဘူး စက်တင်ဘာ ၁၄**

မင်းဘူးဒေသ မင်းဘူးမြို့နယ် အနီးပတ်ဝန်းကျင် ပြေးဆွဲနေသော သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းများတွင် လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေသောသုံးဘီးယာဉ်များအား မြို့ပေါ်လှည့်ကင်းများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။

မင်းဘူးမြို့ပေါ်တွင် လုပ်ငန်းလိုင်စင်ဖြင့်ပြေးဆွဲနေသော သုံးဘီးယာဉ်အစီးရေ ၅၀ ကျော်ခန့်ရှိပြီး လုပ်ငန်းလိုင်စင်မဲ့ပြေးဆွဲနေသော သုံးဘီးယာဉ်အစီးရေမှာ ၂၀၀ ကျော်ရှိကြောင်း သိရသည်။

"မင်းဘူးမြို့မှာ သုံးဘီးယာဉ်ကော်မတီမရှိဘူး။ ကော်မတီမရှိတော့ ရပ်ချင်တဲ့နေရာမှာရပ်တယ်။ ဂိတ်ထိုးချင်တဲ့နေရာမှာ ဂိတ်ထိုးတယ်။ ကျွန်တော်တို့ယာဉ်စစ်တွေ တွေ့ရင်ဖမ်းမယ်။ ခုနောက်ပိုင်း မြို့ပေါ်မှာ လှည့်ကင်းတစ်ယောက်၊ နှစ်ယောက်ထားပြီး တစ်နေကုန်လှည့်ပြီး စစ်ဆေးအရေးယူဆောင်ရွက်ဖို့ အစီအစဉ်ရှိတယ်။ လှည့်ကင်းဆောင်ရွက်ရင်း လုပ်ငန်းလိုင်စင်မဲ့ သုံးဘီးယာဉ်တွေကို စစ်ဆေးအရေးယူမယ်။ အခုလက်ရှိနံပါတ်ပြားမတပ်ထားတာတွေ၊ ယာဉ်မောင်းလိုင်စင်မပါတာတွေကို ချလန်ဖြတ်/ဒဏ်ငွေရိုက်ပြီး အရေးယူဆောင်ရွက်နေပါတယ်" ဟု မင်းဘူးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ ရဲအုပ်ကျော်ဇင်ဦးက ပြောသည်။

"အခုဖြစ်နေတာက တောင်သူတွေ သီးနှံသယ်ယူပို့ဆောင်ဖို့ခေါင်းစဉ်နဲ့ သုံးဘီးယာဉ်တွေကို ကိုယ်စားလှယ်တွေက ထုတ်ရောင်းလိုက်တယ်။ အဲဒီလိုထုတ်ရောင်းလိုက်တဲ့အခါ လုပ်ငန်းလိုင်စင်နဲ့ပတ်သက်ပြီး အခက်အခဲတွေ ဖြစ်ရတယ်။ လုပ်ငန်းလိုင်စင်မရှိတဲ့သုံးဘီးယာဉ်တွေပြေးဆွဲနေတော့ လိုင်စင်ရှိတဲ့ သုံးဘီးယာဉ်တွေ၊ လိုင်းကားတွေနဲ့ မကြာခဏ ပဋိပက္ခဖြစ်ကြတာပါ။ လုပ်ငန်းလိုင်စင်မရှိရင် တိုက်ရိုက်အရေးယူဆောင်ရွက်ဖို့က ပို့ဆောင်ဆက်သွယ်ရေးဌာနက အရေးယူရမှာပါ။ ဒီဌာနက လုပ်ငန်းလိုင်စင်မရှိတဲ့ယာဉ်တွေကို ဒဏ်ငွေ ကျပ် ၃၀၀၀၀ အထိ ဒဏ်ရိုက်ပြီး အရေးယူဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

"ယခင်ပြေးဆွဲခွင့်လုပ်ငန်းလိုင်စင်ရှိမှ ပြေးဆွဲခွင့်ရတဲ့အချိန်တုန်းက တစ်နေ့ကို ကျပ် ၂၀၀၀၀မှ ၃၀၀၀၀ ကျပ်ခန့်အထိရရှိတယ်။ ခုနောက်ပိုင်း လုပ်ငန်းလိုင်စင်မဲ့ သုံးဘီးယာဉ်တွေ ဝင်ရောက်ပြေးဆွဲနေတော့ တစ်နေ့ကို ကျပ် ၈၀၀၀၊ ၉၀၀၀ ရအောင်ကို မနည်းရှာဖွေနေပါတယ်။ ဆိုင်ကယ်တစ်နေ့ထွက်ရင် အုံနာကြေး၊ ဆီဖိုးအပြင် တံတားကြေး၊ ဂိတ်ကြေးတွေပါဆိုတော့ ကိုယ့်အတွက်မကျန်တဲ့နေ့တွေကများနေတယ်"ဟု သုံးဘီးယာဉ်မောင်း ကိုအောင်မျိုးထွန်းက ပြောသည်။



မင်းဘူးမြို့နယ်မှ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ၊ မြို့နယ် ကညနအဖွဲ့၊ ပို့ဆောင်ဆက်သွယ်ရေးဌာနတွေက လုပ်ငန်းလိုင်စင်မဲ့ ပြေးဆွဲနေသော သုံးဘီးယာဉ်များကို အရေးယူဆောင်ရွက်သင့်ကြောင်းနှင့် တခြားမြို့နယ်များလိုပင် သုံးဘီးယာဉ်ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးပြီး စည်းကမ်းနှင့်အညီ ပြေးဆွဲခွင့်ပြုသင့်ကြောင်း သုံးဘီးယာဉ်မောင်းများထံမှ သိရသည်။ **ကိုကျော် (မင်းဘူး)**

## စင်ကာပူ၌ အစိုးရအဖွဲ့သစ်ဖွဲ့စည်းရေး ဝန်ကြီးချုပ် လီရှန်လွန်း ပြင်ဆင်ဆောင်ရွက်

**စင်ကာပူ စက်တင်ဘာ ၁၄**

စင်ကာပူနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီက ဆန္ဒမဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ဝန်ကြီးချုပ် လီရှန်လွန်းက အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းနိုင်ရန် ရက်သတ္တနှစ်ပတ်ကြာ အချိန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြည်သူ့လှုပ်ရှားမှုပါတီ(ပီအေပီ)သည် ၂၀၀၁ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ထောက်ခံမဲ ၇၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တောင်ပြိုကမ်းပြိုအနိုင်ရခဲ့ပြီးနောက် ထောက်ခံမဲအများဆုံးရရှိသော ရွေးကောက်ပွဲအဖြစ် စက်တင်ဘာ ၁၁ ရက်က ကျင်းပသည့် ရွေးကောက်ပွဲ၌ ပြည်သူ့ထောက်ခံဆန္ဒမဲ ၆၉ ဒသမ ၈၆ ရာခိုင်နှုန်း ရရှိခဲ့သည်။

စင်ကာပူဝန်ကြီးချုပ် လီအနေဖြင့် လတ်တလော ဆုံးဖြတ်ရမည့်အချက်မှာ အစိုးရအဖွဲ့သစ်တွင် သယ်ယူပို့ဆောင်ရေးဝန်ကြီးအဖြစ် မည်သူ့အား တာဝန်ပေးအပ်ရမည်ကို ရွေးချယ်ရန်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

စင်ကာပူသယ်ယူပို့ဆောင်ရေး ဝန်ကြီးဟောင်း လီတက်ယူသည် အထွေထွေရွေးကောက်ပွဲ ကျင်းပခါနီးတွင် ပြန်လည်ရွေးကောက်ခံခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။

စင်ကာပူနိုင်ငံ၌ သယ်ယူပို့ဆောင်ရေးကိစ္စသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွင် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။ ယခုနှစ် ဇူလိုင်လအတွင်းက စင်ကာပူနိုင်ငံ၏ မြေအောက်ရထားစနစ် ချွတ်ယွင်းမှုကြောင့် ရထားလိုင်းနှစ်ခု၏ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသွားပြည်သူ ၂၀၀၀၀၀ ကျော် ကသီကအောက်ဖြစ်ခဲ့ရသည်။ **ဆင်ဟွာ။**



## ပါတီတွင်း လျှို့ဝှက်မဲစနစ်ဖြင့် တိုနီအက်ဘော့ကို အနိုင်ရပြီး မဲလ်ကွမ်း ထရမ်ဘယ် ဩစတြေးလျဝန်ကြီးချုပ်ဖြစ်လာ

**ကင်ဘာရာ စက်တင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံ၏ ဆက်သွယ်ရေးဝန်ကြီးဟောင်း မဲလ်ကွမ်း ထရမ်ဘယ်သည် တနင်္လာနေ့ညကပြုလုပ်သည့် ပါတီတွင်းလျှို့ဝှက်မဲပေးစနစ်ဖြင့် လစ်ဘရယ်ပါတီခေါင်းဆောင် လက်ရှိဝန်ကြီးချုပ် တိုနီအက်ဘော့ကို အနိုင်ရရှိခဲ့သည့်အတွက် ဩစတြေးလျနိုင်ငံ၏ ၂၉ ယောက်မြောက်ဝန်ကြီးချုပ်ဖြစ်လာသည်။

မဲလ်ကွမ်း ထရမ်ဘယ်သည် လစ်ဘရယ်ပါလီမန်အမတ်များ၏ ထောက်ခံမှု ၅၄ မဲရရှိခဲ့ပြီး တိုနီအက်ဘော့ထက် ၁၀ မဲ ပိုမိုရရှိပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန္ဒမဲပေးပွဲပြုလုပ်ပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ထရမ်ဘယ်က တိုနီအက်ဘော့ကို ချီးကျူးဂုဏ်ပြုခဲ့ပြီး တိုနီအက်ဘော့ ဦးဆောင်သည့် အစိုးရသည် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံတို့နှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့်အပြင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်လာသူများကို တားဆီးကာကွယ်နိုင်သည့် ဩစတြေးလျနယ်စပ်ကို အခိုင်အမာပြုလုပ်နိုင်ခဲ့သည်ဟု ချီးကျူးစကားဆိုခဲ့သည်။

ထရမ်ဘယ်သည် တနင်္လာနေ့အစောပိုင်းက ၎င်း၏ လက်ရှိရာထူးတာဝန်ဖြစ်သည့် ဆက်သွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်ကြောင်းကြေညာခဲ့ပြီး လစ်ဘရယ်ပါတီခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်အရွေးခံရန် ဝန်ကြီးချုပ် တိုနီအက်ဘော့ကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## တရုတ်နှင့် အာဆီယံ အင်တာနက်ချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ ထူထောင်မည်

**နန်နင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်နိုင်စေရေးအတွက် အင်တာနက်နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးလာစေရန် အထူးရန်ပုံငွေတစ်ရပ်ကို တရုတ်နိုင်ငံက ထူထောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး စီမံခန့်ခွဲရေးဌာန၏ ဝန်ကြီးလုဝေက ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်း၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပသော တရုတ်-အာဆီယံ သတင်းအချက်အလက် နည်းပညာဆိုင်ရာဖိုရမ် ဆွေးနွေးပွဲတွင် လုဝေက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အင်တာနက်နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် အထူးရန်ပုံငွေထူထောင်ခြင်းဖြင့် ဒေသတွင်း၌ နည်းပညာအရ အဆင့်အတန်းမြင့်မားလာရုံသာမက ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး ပိုမိုအသက်ဝင်လာမည်ဖြစ်သည်။

တရုတ်နှင့် အာဆီယံတို့အကြား သတင်းအချက်အလက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လုပ်ငန်းစီမံကိန်း ၃၄ ခု ပါဝင်မည်ဖြစ်ပြီး ယွမ်ငွေ ၂၀ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ) ကျခံသုံးစွဲကာ အကောင်အထည်ဖော်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲအာရှဒေသနှင့် အနောက်နိုင်ငံများအကြား ဒစ်ဂျစ်တယ်နည်းပညာကွာဟချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ တရုတ်ပြည်သူ သန်း ၇၀၀ နှင့် အရှေ့တောင်အာရှဒေသမှ ပြည်သူ သန်း ၄၀၀ တို့မှာ အင်တာနက်အသုံးပြုနိုင်သည့် အခြေအနေတွင်မရှိကြောင်း လုဝေက ပြောကြားသည်။ **ဆင်ဟွာ။**



## ရွှေ့ပြောင်းလာသူများ ဂရိကမ်းလွန်တွင် လှေမှောက်၊ ၃၄ ဦးသေဆုံး

**အေသင် စက်တင်ဘာ ၁၄**

ဒုက္ခသည်များနှင့် ဥရောပသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရန်ရွှေ့ပြောင်းလာသူ ၁၃၀ ခန့် စီးနင်းလိုက်ပါလာသည့် လှေတစ်စင်းသည် စက်တင်ဘာ ၁၃ ရက်က ဂရိနိုင်ငံကမ်းလွန်တွင် တိမ်းမှောက်နစ်မြုပ်မှုကြောင့် လူ ၃၀ ကျော် သေဆုံးခဲ့ရသည်။

အဆိုပါ သစ်သားလှေသည် တူရကီနိုင်ငံမှ ဂရိနိုင်ငံသို့ ဖြတ်ကူးသွားလာသည့်လမ်းကြောင်း အေဂျီယံပင်လယ် ဖာမိုကိုနီစီကျွန်းကမ်းလွန်တွင် တိမ်းမှောက်နစ်မြုပ်သွားခြင်းဖြစ်သည်။ တူရကီနိုင်ငံမှ ကီလိုမီတာ ၂၀ အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ဂရိကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် လူ ၁၀၀ နီးပါးကို ကယ်တင်နိုင်ခဲ့သော်လည်း ကလေးငယ် ၁၄ ဦးအပါအဝင် လူ ၃၄ ဦးသေဆုံးကြောင်း အတည်ပြုပြောကြားသည်။ လှေပေါ်တွင် မည်သည့်နိုင်ငံသားများ လိုက်ပါလာသည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုပေ။

စက်တင်ဘာ ၁၃ ရက် တစ်ရက်တည်းမှာပင် ဒုက္ခသည် ၂၀၀၀ ခန့်တင်ဆောင်လာသည့် သင်္ဘောကြီးတစ်စင်းသည် ဂရိဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ လူများသည် ၎င်းတို့၏ မူလဒေသတွင် လုံခြုံရေးအခြေအနေဆိုးရွားမှုနှင့် နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုများကြောင့် လှေငယ်များဖြင့် ပင်လယ်ပြင်ကို သက်စွန့်ဆံဖျားဖြတ်ကူးကာ ဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရန် ကြိုးစားလျက်ရှိသည်။

ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့နိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများသည် စက်တင်ဘာ ၁၄ ရက်တွင် တွေ့ဆုံ၍ ရွှေ့ပြောင်းလာသူဒုက္ခသည်များကို အဖွဲ့ဝင်နိုင်ငံအသီးသီးက ခွဲဝေတာဝန်ယူလက်ခံရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

## အာဖဂန်နစ္စတန်နိုင်ငံ အကျဉ်းထောင်တစ်ခုကို စစ်သွေးကြွများတိုက်ခိုက်၊ အကျဉ်းသား ၃၅၂ ဦး လွတ်မြောက်

**ဂါဇနီ (အာဖဂန်နစ္စတန်) စက်တင်ဘာ ၁၄**

စစ်သွေးကြွများက အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂါဇနီခရိုင်ရှိ ခရိုင်အကျဉ်းထောင်တစ်ခုကို တိုက်ခိုက်ရာ တာလီဘန်စစ်သွေးကြွအဖွဲ့ဝင်များအပါအဝင် အကျဉ်းသား ၃၅၂ ဦး လွတ်မြောက်သွားကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

စက်တင်ဘာ ၁၄ ရက် နံနက် ၂ နာရီခန့်တွင် စစ်သွေးကြွတစ်ဦးက အကျဉ်းထောင် ပင်မတံခါးဝကို ကားဗုံးတစ်လုံးခွဲပြီးနောက် စစ်သွေးကြွခြောက်ဦးတို့က အကျဉ်းထောင်ရဲအရာရှိများ၏ ဝတ်စုံများကိုဝတ်ဆင်ကာ အကျဉ်းထောင်ထဲသို့ ဝင်ရောက်လာခဲ့ပြီး အကျဉ်းသားများကို ထောင်ဖောက်ပြေးရန် လှုံ့ဆော်ခဲ့ကြသည်ဟု ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး မိုဟာမက် အလီ အမ်မာဒီက ဆိုသည်။

အဆိုပါအကျဉ်းထောင်သည် ဂါဇနီခရိုင် အရှေ့တောင်ဘက်တွင်တည်ရှိပြီး အာဖဂန်နစ္စတန်မြို့တော်ကဘူးတောင်ဘက် ၁၂၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ယင်းအကျဉ်းထောင်တွင် အကျဉ်းသား စုစုပေါင်း ၄၃၆ ဦးရှိသည့်အနက် အကျဉ်းသား ၃၅၅ ဦး ထွက်ပြေးလွတ်မြောက်သွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အာဖဂန်အမျိုးသားလုံခြုံရေးအဖွဲ့ (အေအင်န်ပီ)က ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများကို လိုက်လံဖမ်းဆီးရာ သုံးဦးကို ပြန်လည်ဖမ်းမိခဲ့ကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသား ၃၅၅ ဦးအနက် ၁၄၈ ဦးကို အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာပြစ်မှုများဖြင့် စွဲချက်တင်ထားပြီး ကျန်၂၀၇ ဦးကို အခြားမှုခင်းပြစ်မှုဆိုင်ရာများဖြင့် စွဲချက်တင်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ထောင်ဖောက်ရန်ကြိုးပမ်းခဲ့ကြသည့် စစ်သွေးကြွများနှင့် လုံခြုံရေးအရာရှိများ အပြန်အလှန်ပစ်ခတ်ခဲ့ကြရာ ရဲအရာရှိလေးဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စစ်သွေးကြွလေးဦးကိုလည်း အေအင်န်ပီအဖွဲ့များက သုတ်သင်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ အကျဉ်းသား ၈၁ ဦးသည် ထောင်မှထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းကြသော်လည်း လုံခြုံရေးအရာရှိများက ဝန်းရံပိတ်ဆို့ထားသဖြင့် ထွက်ပြေးလွတ်မြောက်ခြင်းမရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။

အဆိုပါထောင်ဖောက်မှုကို အသေးစိတ်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဂါဇနီခရိုင်ရဲတပ်ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးထားသည်။

တာလီဘန်စစ်သွေးကြွများက ယင်းထောင်ဖောက်မှုကို ၎င်းတို့ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်တွင်လည်း အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာခရိုင်တောင်ဘက်ပိုင်းရှိ အကျဉ်းထောင်တစ်ခုတွင် ထောင်ဖောက်ထွက်ပြေးမှုတစ်ခုဖြစ်ပွားခဲ့ရာ အကျဉ်းသား ရာနှင့်ချီပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

**အားကစား**

# ဖက်ဒဲရာကို အနိုင်ကစားပြီး ယူအက်စ်အိုးပင်းချန်ပီယံဆုကို ဂျိုကိုဗစ်ချ်ရယူ



ယူအက်စ်အိုးပင်းဗိုလ်လုပွဲမှာ ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်က ဖက်ဒဲရာကို ၆-၄၊ ၅-၇၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ယူပြီး ၎င်း၏၁၀ကြိမ်မြောက်ဂရင်းစလင်းချန်ပီယံဆုအဖြစ် ရယူနိုင်ခဲ့သည်။ ဂျိုကိုဗစ်ချ်အနေဖြင့် ပထမပွဲငယ်တွင် စပေးရိုက်ချက်၊ တန်ပြန်ရိုက်ချက်များဖြင့် အသာရအောင်ကစားနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်၌ ဖက်ဒဲရာ၏အနီးအဝေးရိုက်ချက်များ၊ အရှိန်မြင့်တန်ပြန်ရိုက်ချက်များကြောင့် ၅-၇ဖြင့်ပြန်လည်ရှုံးနိမ့်ခဲ့သည်။

သို့သော်တတိယပွဲငယ်နှင့် စတုတ္ထပွဲငယ်တို့၌ ဂျိုကိုဗစ်ချ်၏ တည်ငြိမ်အားပါသောရိုက်ချက်များ၊ သေသပ်သောတန်ပြန်ရိုက်ချက်များကြောင့် ဖက်ဒဲရာမှာနှစ်ပွဲလုံး ၆-၄ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အစောပိုင်းတွင် ဖက်ဒဲရာ၏ မထင်မှတ်သောလှည့်ကွက်ဗျူဟာများကြောင့် ဂျိုကိုဗစ်ချ်မှာအနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ကစားချိန်ကြာမြင့်လာသည်နှင့်အမျှ ဂျိုကိုဗစ်ချ်ကသာ ပွဲကိုထိန်းကျောင်းကစားနိုင်ခဲ့သည်။

ပွဲငယ်သုံးပွဲကစားအပြီး ရာသီဥတုအခြေအနေဆိုးရွားလာသဖြင့် ပွဲကိုရပ်ဆိုင်းခဲ့ရပြီးနောက် ပြန်လည်စတင်ချိန်တွင် ဂျိုကိုဗစ်ချ်မှာ ဖက်ဒဲရာအပေါ် လုံးဝအသာစီးရအောင်ကစားနိုင်ခဲ့သည်ကိုတွေ့ရသည်။ဂျိုကိုဗစ်ချ်က" ကျွန်တော်က ရိုဂျာအပေါ်အမြဲတမ်းလေးစားခဲ့ပြီး သူဟာသူစွမ်းနိုင်တာထက်ပိုပြီးတော့ လုပ်ပြနိုင်တဲ့သူပါ။ ဒီနှစ်က ၂၀၁၁တုန်းကလိုပဲ ကျွန်တော့်ရဲ့ အကောင်းဆုံးနှစ်တစ်နှစ်ပါ" ဟု ဆုချီးမြှင့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဖက်ဒဲရာအနေဖြင့် ဂျိုကိုဗစ်ချ်၏အားပြင်းလှသောဘေးစည်းရိုက်ချက်များကို ရင်ဆိုင်ရန်လုံလောက်သည့် ပြေးနှုန်းမရှိတော့ခြင်း၊ ရာသီဥတုဆိုးရွားပြင်းထန်လာမှုက ဂျိုကိုဗစ်ချ်အပေါ် မျက်နှာပေးခဲ့သလို အနေအထားရှိခြင်းတို့ကြောင့် ဖက်ဒဲရာမှာ ယခုကဲ့သို့အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဖက်ဒဲရာမှာ လက်ရှိတွင်အသက်၃၄နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း ယခုပွဲပြီးသည်အထိအနားယူရန်ကိစ္စရပ်ကို ပြောကြားခဲ့ခြင်းမရှိပေ။

ဂျိုကိုဗစ်ချ်အနေဖြင့် ဖက်ဒဲရာနှင့် စုစုပေါင်း (၄၁)ကြိမ်တွေ့ဆုံခဲ့ရာ (၂၁) ကြိမ်အနိုင်ယူထားနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ခုကိုပါရရှိခဲ့သလို ဂရင်းစလင်းချန်ပီယံဆုကို (၁၀) ကြိမ်အထိရရှိဖူးသော သတ္တမမြောက်ကစားသမားအဖြစ်မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။ ဖက်ဒဲရာကမူ ဂရင်းစလင်းဗိုလ်လုပွဲအထိ (၂၇) ကြိမ်တိုင်တက်ရောက်နိုင်ခဲ့သော်လည်း ၁၇ကြိမ်သာ ဗိုလ်စွဲခဲ့ပြီး ဂရင်းစလင်း ချန်ပီယံဆုများနှင့် ဝေးကွာနေသည်မှာ သုံးနှစ်ခန့် ရှိပြီဖြစ်သည်။

❑ ❑ ❑

## မြန်မာဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ Singha Park Khon Kaen Golf Club ၌ ကျင်းပမည့် ၅၅ ကြိမ်မြောက် "Putra Cup 2015" ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အသင်းသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ အမျိုးသားအားကစားသမားများအဖြစ် မောင်မောင်ဦး၊ ကျော်သက်ဦး၊ စည်သူရဲရင့်၊ ဟိန်းစည်သူနှင့် အမျိုးသမီးအားကစားသမားများအဖြစ် ယဥ်မေမျိုး၊ မေဦးခိုင်၊ နန်းအေးအေးအောင်တို့ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအပြင် ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့စေလွှတ်ယှဥ်ပြိုင်ခြင်းဖြစ်သည်။

ထို့အပြင် အာဆီယံဂေါက်သီးအဖွဲ့နှင့် နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးလိုက်ပါသွားကြောင်းသိရသည်။ **(ကြေးမုံ)**

## ဟယ်ရီကိန်းမကြာမီ ဂိုးပေါက်ပြန်တွေ့မည်



စပါးနည်းပြ ပိုချက်တီနိုက ဟယ်ရီကိန်းအနေဖြင့် ပရီမီယာလိဂ်တွင် ဂိုးတစ်ဂိုးမျှမသွင်းသေးနိုင်သော်လည်း မကြာမီဂိုးများဆက်တိုက်သွင်းယူနိုင်မည်ဟု ဆိုခဲ့သည်။ စပါးအသင်းက ဆန်းဒါးလန်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသောပွဲ၌လည်း ဟယ်ရီကိန်းမှာ သေချာပေါက် ဂိုးသွင်းခွင့် သုံးကြိမ်ရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိရာ ပိုချက်တီနိုက ယင်းကဲ့သို့ကာကွယ်ပြောကြားပေးခဲ့ခြင်းဖြစ်သည်။

ပိုချက်တီနိုက ကိန်းအပေါ်လက်ရှိဝေဖန်မှုများမှာ မမျှတကြောင်း၊စပါးပရိသတ်များအနေဖြင့် သိထားရမည်မှာ ဟယ်ရီကိန်းအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီနောက်ဆုံးနှစ်လတွင်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ကြောင်း၊ ၎င်းမှာ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်တိုင်အောင် ဝင်ရောက်ကစားသည်နှင့်အကျိုးသက်ရောက်မှုကို ပြသနိုင်သောကစားသမားဖြစ်ကြောင်း ဆိုခဲ့သည်။

## စီးရီးအေချန်ပီယံဖြစ်ဖို့ ခရီးပြင်းနှင်မယ့် အင်တာမီလန်

အင်တာမီလန်နည်းပြရောဘတ်တိုမန်ချီနီက စီးရီးအေအမှတ်ပေးဇယားမှာ ထိပ်ဆုံးနေရာကရပ်တည်နေတဲ့ အင်တာမီလန်အနေနဲ့ ယခုရလဒ်တွေကိုသာဆက်ထိန်းထားနိုင်ရင် အင်တာအနေနဲ့ ရာသီကုန်ရင်တစ်ကျော့ပြန်စီးရီးအေချန်ပီယံဖြစ်လာမယ်လို့ သူ့အမြင်ကိုထုတ်ပြောလိုက်ပါပြီ။အင်တာက စီးရီးအေပွဲစဉ်(၃)မှာ မြို့ခံပြိုင်ဘက်အေစီမီလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ယူနိုင်ခဲ့ပြီးနောက်မှာ ရာနှုန်းပြည့်အနိုင်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နေပြီး လက်ရှိချန်ပီယံ ဂျူဗင်တပ်ကို ရှစ်မှတ်အထိဖြတ်ထားနိုင်ခဲ့ပါတယ်။

ဒါ့ကြောင့်လည်းမန်ချီနီက လက်ရှိလူအင်အားနဲ့ ကစားကွက်ဗျူဟာအပေါ် အလုံးစုံကျေနပ်မှုရှိတဲ့အတွက် အင်တာမီလန်အနေနဲ့ လတ်တလော အမှတ်ပေးဇယားလက်ရှိရပ်တည်မှုအဆင့်အပေါ် မှာပဲရောင့်ရဲနေမှာ မဟုတ်ဘဲ ရာသီကုန်မှာ တစ်ခုခုတင်ကျန်အောင် ကြံဆောင်မယ်လို့ကတိပြုခဲ့တာဖြစ်ပါတယ်။

## အလက်ဆစ်ဆန်းချက်ဇ်ကို ဗဟိုတိုက်စစ်မှာထားကစားရင် အာဆင်နယ်တိုက်စစ်ပြဿနာ ပြေလည်မှာပါ

အာဆင်နယ်နည်းပြဝင်းဂါးအနေဖြင့် လတ်တလောကြုံတွေ့နေရသောတိုက်စစ်ပြဿနာကို ဖြေရှင်းရန်မှာပြင်ပကလပ်မှကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတစ်ဦးအား ခေါ်ယူနိုင်မှသာ ပြေလည်နိုင်မည်မဟုတ်ဘဲ အသင်း၏တောင်ပံတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား ဗဟိုတိုက်စစ်နေရာတွင် ထား၍ ကစားစေခြင်းဖြင့်အလွယ်တကူဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အီးအက်စ်ပီအန်မှအားကစားကျွမ်းကျင်ပညာရှင် ဂျိမ်းစ်က သုံးသပ်ပေးခဲ့သည်။

ဆန်းချက်ဇ်မှာ ဘယ်၊ ညာတောင်ပံနှစ်ဖက်စလုံးတွင်သာမက ဗဟိုတိုက်စစ်နေရာ၌လည်း ထား၍ကစားပါကအလွယ်တကူ အံဝင်ခွင်ကျကစားနိုင်သောကစားသမားဖြစ်သည်။


ဂီရော့ဒ်မှာ လက်ရှိတွင် အာဆင်နယ်၏ဗဟိုတိုက်စစ်မှူးအဖြစ်ကစားနေသူဖြစ်သော်လည်း ဝင်းဂါးစိတ်တိုင်းကျကစားနိုင်သည့် တိုက်စစ်မှူးပုံစံမျိုးရှိမနေဘဲ ထိုနေရာကိုအမှန်တကယ်ဖြည့်စွမ်းပေးနိုင်မည့် တိုက်စစ်မှူးမှာ ယခင်လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ်ကဲ့သို့သော ကစားသမားမျိုးမှသာ ဖြစ်နိုင်မည်ဖြစ်သည်။ ဝင်းဂါးသည် ၂၀၁၃ခုနှစ်ကအိုဇေးလ်နှင့်ဆွာရက်ဇ်တို့နှစ်ဦးအား ခေါ်ယူရန်ချိတ်ဆက်ခဲ့သော်လည်း အိုဇေးလ်တစ်ဦးတည်းကိုသာခေါ်ယူနိုင်ခဲ့ပြီး ဆွာရက်ဇ်ကိုလီဗာပူးမှမရောင်းချခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးကိုယ်တိုင်ကလည်း ဆန်းချက်ဇ်အား ဗဟိုတိုက်စစ်မှူးအဖြစ်အသုံးပြုရန်ဆန္ဒရှိနေသည်ဟု မကြာသေးမီကပင်ထုတ်ဖော်ပြောကြားခဲ့သည်။ပြီးခဲ့သည့်ဘောလုံးရာသီကပင် အဲဗာတန်အားအဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ခဲ့ရသည့် ပွဲ၌ဆန်းချက်ဇ်အား ဗဟိုတိုက်စစ်နေရာတွင်ထား၍ကစားစေခဲ့ရာ နေရာလွတ်များပိုမိုရရှိလာသည်ကို တွေ့ရသည်။

ဆန်းချက်ဇ်သည် တစ်ခါတစ်ရံ နောက်ချန်တိုက်စစ်မှူးနေရာတွင်လည်းကစားသည့် ပွဲများရှိပြီး ဆန်းချက်ဇ်အားနောက်ချန်တိုက်စစ်မှူးအဖြစ်ကစားခိုင်းပါက ဗဟိုတိုက်စစ်နေရာတွင် ဂီရော့ဒ်ထက်ဝဲလ်ကော့ကသာ ပို၍ အဆင်ပြေကြောင်း ဂျိမ်းစ်က ဆက်လက်သုံးသပ်ပေးခဲ့သည်။

ထို့ပြင် ယခုအခါချိန်ဘာလိန်မှာ ဒဏ်ရာပြဿနာလုံးဝ ကင်းစင်လာပြီဖြစ်သောကြောင့် အာဆင်နယ်၏တောင်ပံတိုက်စစ်နေရာအတွက် ရမ်ဆေးနှင့် ချိန်ဘာလိန်တို့ကို အသုံးပြုနိုင်ပြီဖြစ်ရာ ဗဟိုတိုက်စစ်နေရာအတွက် ဂီရော့ဒ်၊ ဝဲလ်ကော့အပြင် ဆန်းချက်ဇ်တို့ကိုပါ အသုံးပြုနိုင်ပြီဖြစ်၍အာဆင်နယ်၏တိုက်စစ်ပြဿနာမှာ အများထင်သလို စိတ်ပူစရာကောင်းသော အနေအထားတစ်ရပ်မဟုတ်ကြောင်းလည်း ဂျိမ်းစ်က ဆန်းစစ်ခဲ့သည်။

ဆန်းချက်ဇ်သည် လေပေါ်ခုန်ပျံကစားနိုင်မှု၊ ရွေ့လျားမှု၊ လျင်မြန်မှု၊ ဂိုးသွင်းသေသပ်မှုတို့တွင် ဝဲလ်ကော့နှင့်ဂီရော့ဒ်တို့ထက်များစွာသာလွန်ကြောင်းလည်းကစားခဲ့သော ပွဲစဉ်မှတ်တမ်းများကိုကြည့်ပါကတွေ့ရှိနိုင်မည်ဖြစ်မည်။ အာဆင်နယ်၏အခြားတိုက်စစ်မှူးတစ်ဦးဖြစ်သူ ဝဲလ်ဘတ်မှာမူ ဒဏ်ရာပြဿနာကြောင့် ခရစ္စမတ်ကာလနောက်ပိုင်းမှသာ ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။



အာဆင်နယ် ကစားသမား အလက်ဆစ်ဆန်းချက်ဇ်။

## ဘရာဇီးအသင်းရဲ့ အကောင်းဆုံးတိုက်စစ်မှူးဆိုတဲ့ ပါတို

ဆောပေါ်လိုအသင်းတိုက်စစ်မှူးပါတိုက ၎င်းသာဘရာဇီးမှာအကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ဗင်နီဇွဲလားနှင့်ချီလီအသင်းတို့နှင့် ယှဉ်ပြိုင်မည့်ဘရာဇီးလက်ရွေးစင်အသင်း၌ပါဝင်ခွင့်ရမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ပါတိုသည် ဆောပေါ်လိုအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုးအထိသွင်းယူထားပြီး စက်တင်ဘာ ၁၃ရက်ကယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်၌လည်း ဂရီမီယိုအသင်းဘက်သို့ ပင်နယ်စည်းဧရိယာအစပ်မှနေ၍ အပြင်း ကန်သွင်းကာ အနိုင်ဂိုးတစ်ဂိုးသွင်းယူခဲ့သည်။

ပါတိုက ဘရာဇီးလက်ရွေးစင်အသင်းအတွက် ပြန်လည် ဝင်ရောက်ကစားခွင့်ရရန်မှာ သူ၏အိပ်မက်ဖြစ်ကြောင်း၊ ၎င်းထက်ခြေစွမ်းခြေစရှိသည့် ကစားသမားကို ဘရာဇီးအသင်းတွင်ရှာမတွေ့ကြောင်း၊သူသာဝင်ရောက်ကစားပါက နောက်ချန်တိုက်စစ်မှူးအဖြစ်လည်းကောင်း၊ ဘယ်ညာတောင်ပံနှစ်ဖက်စလုံးတွင်လည်းကောင်း ကစားနိုင်သောကြောင့် ဘရာဇီးအသင်းဖော်များတိုက်စစ်လမ်းကြောင်းပိုမိုပွင့်လာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

**မေလွှဲသင်း - စုစည်းသည်။**

# လမ်းဘေးတွင် ကာရံထားသည့် အလူမီနီယံတန်းအား အရှိန်မထိန်းနိုင်သောယာဉ်က ဝင်တိုက်



**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၈၄/၅) အနီးတွင် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့ ဆေးစပ်ရပ်ကွက်နေ ထွန်းမြင့်ထွန်း (၄၁)နှစ် မောင်းနှင်လာသည့် 6I/...... PICK UP အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ကာရံထားသည့် အလူမီနီယံတန်းအား ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် တောင်ဒဂုံမြို့နယ် (၁၀၆) ရပ်ကွက်နေ ကိုအောင်ကိုဦး (၂၇) နှစ်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ထွန်းမြင့်ထွန်းအား မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

❒

# လမ်းလယ်မျဉ်းရပ်နေသူအား တိုက်မိပြီး ခရီးသည်တင်ယာဉ်အား ဆင့်ကဲတိုက်မိမှုဖြစ်

**ပုသိမ်ကြီး စက်တင်ဘာ ၁၄**

ပုသိမ်ကြီးမြို့နယ် ရွှေကျင်ကွက်သစ်(၁)နေ မင်းဝေ(၂၀)နှစ်သည် စက်တင်ဘာ ၁၂ ရက် နံနက် ၇နာရီခွဲက ၂၄ယ/--- အန်ဘို 125 ဆိုင်ကယ်ဖြင့် (၆၂)လမ်းအတိုင်း မောင်းနှင်လာစဉ်(၂၄)လမ်းနှင့်(၂၆) လမ်းကြားအရောက် လမ်းလယ်မျဉ်းတွင်ရပ်နေသော အရှင်တေဇ ဝိဘဇ္ဇဝါဒီစာသင်တိုက် အောင်မြေသာစံမြို့နယ်နေသူအား ချိတ်မိပြီး အရှိန်မထိန်းနိုင်ဘဲ ရှေ့တွင် မောင်းနှင်နေသော အေးချမ်းမောင် ခရီးသည်တင်ယာဉ်အား တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မင်းဝေမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံး၍ အရှင်တေဇမှာ ဝဲလက်မောင်း နာကျင်ဒဏ်ရာရရှိသဖြင့် မင်းဝေအား အမှတ်(၁) နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(သီဟကိုကို)**

# အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်သဖြင့် ၁၅ ဦး ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၅၇/၅-၆) ကြားတွင် စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ ညောင်ဦးမြို့နယ် ကမ်းနီကျေးရွာနေ ဦးကြယ်နီ(၆၂)နှစ် မောင်းနှင်လာသော 7E/.... MITSUBISHI ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်း ဦးကြယ်နီနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ကမ်းနီကျေးရွာနေ ဦးဟန်စိန်(၄၈)နှစ်ပါ ၁၄ ဦးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# အရှိန်မထိန်းနိုင်သောယာဉ် ချောင်းကူးတံတားလက်ရန်းအား ဝင်တိုက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၀၅/၅-၆)ကြားတွင် စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဦးအောင်ဝင်း (၅၈)နှစ် မောင်းနှင်လာသည့် 4E/..... NISSAN X TRAIL ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ချောင်းကူးတံတား လက်ရန်းအား တိုက်မိခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မှာရှေ့လေကာ မှန်ကွဲ၊ ယာဘက်ရှေ့မီးသီးကွဲ၊ ရှေ့ဘန်ဘာပိန်ချိုင့်၊ ရှေ့ခေါင်းယာခြမ်းပိန်ချိုင့်၊ ယာဘက်ရှေ့ခွေကျိုးပျက်စီးခဲ့သဖြင့် ယာဉ်မောင်း ဦးအောင်ဝင်းအား သီးကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# ရွှေဆွဲကြိုးဝယ်ယူပြီး ရွှေထည်ပစ္စည်းများ ခိုးယူ

**မတ္တရာ စက်တင်ဘာ ၁၄**

မတ္တရာမြို့ မြို့မဈေးမြောက်ဘက်ရှိ ကောင်ရွှေစင်ရွှေဆိုင်တွင် စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီခွဲက ပိုင်ရှင် ဒေါ်ခင်မေသိန်း (၇၀)နှစ် အမှတ် (၂) ဗိုလ်တေဇရပ်ကွက် မတ္တရာမြို့နေသူသည် ဆိုင်လုပ်သား မောင်သန့်ဇင် (၂၇)နှစ်၊ မောင်ရဲ(၁၉) နှစ်တို့နှင့်အတူရှိနေစဉ် အသက်(၃၅) နှစ်ခန့် အမျိုးသမီးတစ်ဦးနှင့် အသက်(၆၀)ခန့် အမျိုးသမီးတစ်ဦးတို့ ရောက်ရှိလာပြီး ရွှေဆိုင်ကောင်တာအတွင်းမှ ရွှေထည်ပစ္စည်းများအား ကြည့်ရှု၍ မကျည်းလိပ်ပုံ ရွှေဆွဲကြိုး တစ်ကုံး ငွေကျပ် ၃၂၀၀၀၀ တန်အား ဝယ်ယူပြီး နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ဆိုင်မှ ထွက်ခွာသွားခဲ့သည်။

ညနေ၃နာရီခွဲတွင် ဒေါ်ခင်မေသိန်းက ရွှေဆိုင် ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းများအား စစ်ဆေးရာ ရွှေဆွဲကြိုးအကုံး ၂၀ တန်ဖိုး ငွေကျပ်သိန်း ၈၀ ခန့် ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဆိုင်တွင် တပ်ဆင်ထားသော စီစီတီဗွီမှတ်တမ်းအား ကြည့်ရှုစစ်ဆေးရာ အဆိုပါ အမျိုးသမီးနှစ်ဦး ခိုးယူသွားကြောင်းသိရသဖြင့် မတ္တရာမြို့မ ရဲစခန်းသို့ တိုင်တန်းရာဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ကားနှင့်ဆိုင်ကယ် နှစ်စီး ဆင့်ကဲတိုက်မိ တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

**မင်းဘူး စက်တင်ဘာ ၁၄။** ။မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းဘူး-အမ်းလမ်းတွင် အရှိန်လွန်ယာဉ်တစ်စီးက တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော ဆိုင်ကယ်နှင့် တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီခန့်က မင်းဘူး-အမ်းလမ်း မိုင်တိုင်အမှတ်(၁၇/၆) အနီးတွင် မင်းဘူးမှ ပဒါန်းသို့ ဟိန်းမင်းလတ်(၂၇)နှစ် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေသူ မောင်းနှင်လာသော 6F/---- ပက်ထရိုနီဆန်းယာဉ်မှာ လမ်းအကွေ့အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောမှ မဇင်မာလွင်(၂၃)နှစ် စမ်းကြီးကျေးရွာ မင်းတုန်းမြို့နယ်နေသူ စီးနင်းလာသည့်ဆိုင်ကယ်အားတိုက်မိကာ မဇင်မာလွင်မှာသေဆုံးခဲ့ပြီး နောက်မှကပ်ပါလာသော မသူဇာလွင် (၂၃)နှစ် တုတ်လယ်ကျေးရွာ၊ မင်းတုန်းမြို့နယ်နေသူ စီးနင်းလာသည့် ဆိုင်ကယ်အား ထပ်မံချိတ်မိခဲ့သဖြင့် မသူဇာလွင် မှာ ဒဏ်ရာများရရှိခဲ့သဖြင့် စကုနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**




**EDHလက်မှတ်ပျောက်ဆုံးခြင်း**

ကျွန်တော် မောင်ဖြိုးဝေမောင် ၁၂/သကတ(နိုင်)၁၇၆၀၆၀၊ CDC 75631 သည် EDH သင်္ဘောသားသင်တန်းလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

မောင်ဖြိုးဝေမောင်

**အမည်ပြောင်း**

မှော်ဘီမြို့၊ အထက(၂)၊ သတ္တမတန်း(E) တွင် ပညာသင်ကြားနေသော အဖ ဦးဝင်းထိန် [၁၀/ကထန(နိုင်)၀၃၉၀၂၀]၏ သားဖြစ်သူ မောင်ဖူးဖူးအား မောင်စောရန်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

စောရန်ပိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးအမှတ်(၂၆)၊ နေပြည်တော်

စိစစ်ရေးမှူး-၂ရာထူး လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး ရေးဖြေစာမေးပွဲအား (၁၈-၇-၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အထက်ပါရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ရသ-၁၃ | ရသ-၆၂ | ရသ-၈၆ | ရသ-၁၂၁ | ရသ-၁၄၃ | ရသ-၁၇၄ | ရသ-၂၁၂ |
| ရသ-၂၄ | ရသ-၆၃ | ရသ-၉၇ | ရသ-၁၂၂ | ရသ-၁၄၈ | ရသ-၁၇၅ | ရသ-၂၁၄ |
| ရသ-၃၃ | ရသ-၆၉ | ရသ-၁၀၀ | ရသ-၁၂၃ | ရသ-၁၄၉ | ရသ-၁၉၇ | ရသ-၂၁၆ |
| ရသ-၃၅ | ရသ-၇၃ | ရသ-၁၀၇ | ရသ-၁၂၇ | ရသ-၁၅၄ | ရသ-၂၀၂ | ရသ-၂၂၀ |
| ရသ-၃၆ | ရသ-၈၃ | ရသ-၁၁၈ | ရသ-၁၂၉ | ရသ-၁၆၁ | | |

၃။ လူတွေ့စစ်ဆေးခြင်းကို (၂၅-၉-၂၀၁၅)ရက်နေ့ (သောကြာနေ့) နံနက်(၈)နာရီတွင် ရုံးအမှတ်(၂၆)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရွေးချယ်ခြင်းခံရသူများမှ မပျက်မကွက်လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။

၄။ လူတွေ့ဖြေဆိုရာတွင် အလုပ်လျှောက်လွှာတင်ပြခဲ့သည့် စာရွက်စာတမ်း မူရင်းအထောက်အထားများပါ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးချုပ်(နေပြည်တော်)
၀၆၇-၄၁၀၅၃၀
၀၆၇-၄၁၀၅၂၉

## ပြည်တွင်းရေးရာ

# စီမံကိန်းထောက်ပံ့ငွေလေးနှစ်ဆက်တိုက်တပ်ကုန်းမြို့မှရရှိမည်

**တပ်ကုန်း စက်တင်ဘာ ၁၄**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ကျေးရွာအုပ်စု ၄၉ အုပ်စု၊ ကျေးရွာပေါင်း ၁၈၆ရွာများသို့ စီမံကိန်းထောက်ပံ့ငွေများ လေးနှစ်ဆက်တိုက်ရရှိမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြု စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်းမြို့နယ်ဖြစ်သည့် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအတွင်း ရွာတွင်းကျောက်ချောလမ်းအရှည် ၁၆၀၀ ပေနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးချဲ့ကျောင်းဆောင် အလျား ၁၂၀ပေ၊ အနံ ၃၀ ပေ၊ အဆောက်အအုံလုပ်ငန်းတို့အား စီမံကိန်းထောက်ပံ့ငွေကျပ်သန်း ၄၀ ဖြင့် လုပ်ငန်း အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် စီမံကိန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာအုပ်စုပေါင်း ၄၉ အုပ်စု၊ ကျေးရွာပေါင်း ၁၈၆ ရွာတွင် ပထမနှစ်ထောက်ပံ့ငွေကျပ် ၁၇၈၀ သန်းဖြင့် စီမံကိန်းဆောင်ရွက်ရာမှာ လမ်းတံတားလုပ်ငန်း ၆၅ ခု၊ အဆောက်အအုံလုပ်ငန်းပေါင်း ၇၅ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၂၂ ခု၊ မီးလင်းရေးလုပ်ငန်းသုံးခု၊ လုပ်ငန်းစုစုပေါင်း ၁၆၅ ခု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာပြည်သူများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ်များအား စီမံကိန်းကော်မတီအဖြစ် တာဝန်ပေးအပ်ပြီးမှ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်တန်းများပို့ချခြင်း၊ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်စေခြင်း၊ မှတ်တမ်းမှတ်ရာများ ရေးသွင်းထိန်းသိမ်းခြင်း၊ ကျေးရွာပြည်သူများမှ ဦးစားပေးရွေးချယ်သည့်လုပ်ငန်းများအား အုပ်စုအလိုက် လူဦးရေ အနည်းအများပေါ်မူတည်ပြီး စီမံကိန်းထောက်ပံ့ငွေများ ခွဲဝေ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# အောင်လံမြို့နယ်တွင်မိုးသီးနှံဘဏ်ချေးငွေများရရှိ၍လယ်ယာလုပ်ငန်းများအဆင်ပြေ

**အောင်လံ စက်တင်ဘာ ၁၄**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်း ဩဂုတ် ၂၆ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ အပြီးသတ်ထုတ်ချေးပေးခဲ့သော မိုးရာသီသီးနှံ ဘဏ်ချေးငွေများကြောင့် လယ်ယာလုပ်ငန်းခွင်များအတွက် လိုအပ်သော သွင်းအားစုများအား အချိန်မီဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းများအဆင်ပြေခဲ့ကြောင်း ဘဏ်ချေးငွေဖြင့် လုပ်ငန်းများလုပ်ကိုင်သူ တောင်သူများက ပြောသည်။

တောင်သူလယ်သမားများ၏ လုပ်ငန်းခွင်များ အဆင်ပြေစေရေးအတွက် အောင်လံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၇ အုပ်စုရှိ အစုအဖွဲ့ ၆၅၁၁ ဖွဲ့၊ အဖွဲ့ဝင်တောင်သူဦးရေ ၁၉၁၀၁ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အရ ချေးငွေပေါင်း ကျပ် ၄၉၇၃၃ ဒသမ ၂၀ သိန်းအား ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

"တောင်သူတွေဘဝက စိုက်ချိန်ပျိုးချိန်ဆို ခြေမကိုင်မိလက်မကိုင်မိဖြစ်တတ်ကြတာ အစဉ်အလာ တစ်ခုလိုဖြစ်နေပါပြီ။ စားဝတ်နေရေး၊ ကလေးတွေပညာရေးနဲ့ ရပ်ရေးရွာရေးကိစ္စတွေကို မဖြစ်မနေ ဖြေရှင်းဆောင်ရွက်နေရတာကြောင့် စိုက်ခဲ့၊ ရခဲ့သမျှတွေကလည်း တောင်သူလုပ်ငန်းခွင်ပြန်စတော့မယ်ဆိုရင် ကုန်သလောက်ဖြစ်နေပြီ။

"ရပ်ထဲရွာထဲမှာ ထုံးစံအတိုင်း မျက်နှာအောက်ချပြီး အတိုးနဲ့ ချေးရငှား ရတာပါပဲ။ ခုလို အတိုးနည်းနည်းနဲ့ စိုက်ချိန်ပျိုးချိန်တွေမှာ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေထုတ်ချေးပေးတော့ ရင်းနှီးမြှုပ်နှံရမယ့် စိုက်ပျိုးစရိတ်တွေအတွက် ပူစရာမလိုတော့ပါဘူး" ဟု ဒေသခံတောင်သူ ဦးစိုးမြင့်က ပြောသည်။

အောင်လံမြို့နယ်အတွင်း မိုးစပါး ၃၃၀၈၃ ဧက၊ အခြားသီးနှံ ၈၃၂၅၁ ဧကတို့အတွက် လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုခွင့်ရရှိကာ ဒေသအကျိုးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ အပေါ်တွင် တစ်လ ၄၂ ပြားနှုန်းသာကျသင့်ကြောင်း အောင်လံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၂၀၁၅ခုနှစ် မိုးရာသီသီးနှံ ထုတ်ချေးငွေများအား မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် သီးနှံမျိုးစုံစိုက်ဧက ၂၇၁၉၁၅ ဧကအတွက် ချေးငွေကျပ်သိန်းပေါင်း ၁၂၆၀၃၄ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး စပါးစိုက်ပျိုးသူတောင်သူများအနေဖြင့် အကူအညီများလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မိုးစပါးစိုက်တောင်သူများထံ နှိုးဆော်ချက်များ ထုတ်ပြန်ကြေညာထားသည်။

**ဇေယျာတု(မကွေး)**

# လှိုင်သာယာမြို့နယ်၌နယ်ကျော်လိုင်စင်မဲ့ဆိုင်ကယ်များအားဖမ်းဆီးအရေးယူဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းတွင် စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ



အပြင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် မြို့နယ်အတွင်း စီးနင်းမောင်းနှင်သွားလာနေကြသည့် လိုင်စင်ရှိ (နယ်ကျော်)၊ လိုင်စင်မဲ့ဆိုင်ကယ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဖမ်းဆီးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လိုင်စင်ရှိ၊ လိုင်စင်မဲ့ ဆိုင်ကယ်ခုနစ်စီးအား စိစစ်သိမ်းဆည်းအရေးယူ ဆောင်ရွက်ထားကြောင်းသိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆိုင်ကယ်များ စီးနင်းမောင်းနှင်သွားလာခြင်းအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တာဝန်ရှိသူတို့၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း တရားမဝင် စီးနင်းသွားလာနေကြသည့် ဆိုင်ကယ်များကို စဉ်ဆက်မပြတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**


မြန်မာမြတ်ချယ်ရီ Travels & Tours Co.,Ltd

Surgery

ကိုရီးယားအခြေစိုက်မြန်မာကိုယ်ပိုင်ရုံးခွဲ

အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်းနှင့်လမ်း(၁၅၀)ထောင့်၊ တာမွေ။ 09-73160843

မြန်မာမြတ်ချယ်ရီ Travels & Tours Co.,Ltd

(4 Star Hotel) Package (66500)Ks

01-551240, 09-73160843, 09-5003647

မျိုး 380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဝန်ထမ်းအလိုရှိသည်

Hot Potဆိုင်တွင်တာဝန်ထမ်းဆောင်ရန် ကျား/မ ( ၁၂ ) ဦး

Ph-09401620941

ယာဉ်မောင်းအမြန်အလိုရှိသည် (ဂမိုင်)

ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင် သူဖြစ်ရမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-

၀၁-၂၃၀၇၃၆၅၊ ၀၉-၄၂၀၃၁၅၆၆၄

umg college HND Diploma in IT (UK) edexcel Approved Centre



IT ဘာသာရပ်ကိုစိတ်ဝင်စားသော လူငယ်များအတွက်

UK နိုင်ငံမှ ချီးမြှင့်သော နိုင်ငံတကာအသိအမှတ်ပြု

HND Diploma သင်တန်းများကို ဖွင့်လှစ်နေပါပြီ။

ENROLL Now

20% Discount

လုပ်ငန်းခွင် လက်တွေ့ Internship Training များ ပြုလုပ်ပေးပါသည်။

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHINICAL CAR PARKING



TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon

T: 09.259.81.36.36

: 09.259.81.37.37

: 09.259.81.45.45

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၃ရက်ကမြို့နယ်အသီးသီးတွင်ကျင်းပ



**လှိုင်ကော်**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင် ဘာ ၁၃ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

လှိုင်ကော်မြို့နယ် ဝါရီကောခူကျေးရွာမှ ယဉ်ကျေးမှုအဖွဲ့က ကယန်းတိုင်းရင်းသားရိုးရာအကဖြင့် တင်ဆက်ဖျော်ဖြေကာ လှိုင်ကော်မြို့ မင်းစုရပ်ကွက်လူငယ်များကလူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာ ပေးပြဇာတ်ဖြင့် တင်ဆက်ဖျော်ဖြေခဲ့သည်။

**လှိုင်ကော်ခရိုင်ပြန်/ဆက်**

**မော်လမြိုင်**

မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ကမ်းနားလမ်း Strand Hotel ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး မွန်ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက သဝဏ်လွှာဖတ်ကြားခဲ့သည်။

ယင်းနောက် World Vision (Myanmar) မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေး စီမံချက်မန်နေဂျာ ဒေါ်ချိုချိုက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ကြိုးပမ်းအားထုတ်မှု ဗီဒီယိုမှတ်တမ်းခွေအား ပြသကာ တက်ရောက်လာသူများက ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေး စာစောင်များအား လှည့်လည် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

**ဒီးမော့ဆို**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးသီဟက လူကုန်ကူးမှုနှင့်ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များ အကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇောက လူကုန်ကူးမှုတားဆီးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

**တောင်တွင်းကြီး**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့(အ-ထ-က ၁) ပေလေးပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားခဲ့ပြီး မြို့မရဲစခန်းမှူး ရဲအုပ်ဝင်းဌေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

ထို့အပြင် မြို့နယ်ဥပဒေအရာရှိ ဦးသန်းဇော်မျိုးက လူကုန်ကူးမှုဆိုင်ရာ ဥပဒေများ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။ **၅၈၀**

**စဥ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက စဥ့်ကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းစိုးကအမှာ စကားပြောကြားပြီး မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးလှမြင့်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးစိုးသန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးထားသော ဥပဒေများအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

**နွားထိုးကြီး**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို နွားထိုးကြီး မြို့နယ်ထွေ/အုပ် စည်းဝေးဆောင်၌ စက်တင်ဘာ ၁၃ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်တရားသူကြီး ဒေါ်ဌေးဌေးမော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းတို့က လူကုန်ကူးမှုနှင့်ဥပဒေအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့မ အ-ထ-က၊ နွားထိုးကြီး အ-ထ-ကမှ ကျောင်းသားများနှင့် ဆရာများ တက်ရောက်ကြသည်။

လူကုန်ကူးမှုနှင့်ပြစ်မှုပြစ်ဒဏ်ကို သိရှိရ၍ လူလူချင်း ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို ယင်းအခမ်းအနားမှတစ်ဆင့် သိမြင်လာခဲ့ကြောင်း အခမ်းအနားတက်ရောက်လာသူတစ်ဦးက ပြောသည်။

**ဌေးမြင့်မောင်**

**ကော့သောင်း**

မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားအား စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီ က ကော့သောင်းမြို့ မဥ္ဇူသကပြည်သူ့ခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဦးက ဖတ်ကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြသည့် NGO အဖွဲ့များကိုယ်စား World Vision (ကော့သောင်း) မှ မန်နေဂျာ နော်ဒီဘိုးရာက ခရိုင်အတွင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် လူကုန်ကူးမှုလုပ်ငန်းများအား ပြောကြားခဲ့သည်။

**ကျော်စိုး (ပြန်/ဆက်)**

**မိတ္ထီလာ**

မိတ္ထီလာတွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက အ-ထ-က(၁) ကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ငင်းအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို မိတ္ထီလာလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(၁)မှ ဒုရဲမှူး မျိုးလွင်က ရှင်းလင်းပြောကြားသည်။ **ချမ်းသာ(မိတ္ထီလာ)**

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူ မြို့ အခြေခံပညာအထက်တန်းကျောင်း (နဝရတ်)ခန်းမ၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းက မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**ကိုမျိုး (ယောရော)**









**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုက်လတ်မြို့နယ်၊ အထက(၂)ဒသမတန်း(က)တွင် ပညာသင်ကြားနေသော အဖ ဦးဝမ်ချွန်း၏သမီး မအိသဇင်[၁၄/ကလန(နိုင်)၁၆၃၁၈၇]နှင့် မအိသဇင်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မအိသဇင်(ခ)မအိသဇင်အောင်


**T.V(ရန်ကုန်)**

**အမျိုးသား/အမျိုးသမီး**

**ကားမောင်းစက်ပြင်သင်တန်း**


၁။ No.93/99၊ ဗညားဒလလမ်း (၄လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)

၂။ မဆလာစက်မှတ်တိုင်ရှေ့

၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း


Ph:09-5041550, 09-73044311, 09-421150033, 09-420066955, 09-31551976

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် T.V(ရန်ကုန်)နှင့်သင်လိုက်ပါ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ကျွန်တော့ရဲ့တိုက်ပွဲကြီးများ

စာရေးသူ ဦးမောင်မောင်စိုးတင့်သည် အငြိမ်းစားသံအမတ်ကြီး တစ်ဦးဖြစ်သည်။ ဘဝအတွက် အရေးကြီးသည့် အကြောင်းအရာများကို ရည်ညွှန်း၍ ကျွန်တော့ရဲ့ တိုက်ပွဲကြီးများဟု တင်စားထားခြင်းဖြစ်သည်။

စာအုပ်တွင် အခန်း ၁၂ ခန်းပါရှိပြီး ကလေးများကယ်ဆယ်ရေးတိုက်ပွဲကြီး ခေါင်းစဉ်အောက်တွင် "ကျွန်တော့တို့မြန်မာနိုင်ငံမှာခေတ်အဆက်ဆက်နှင့် အစိုးရ အဆက်ဆက်တို့တွင် ပညာရေးမူဝါဒစနစ်များ ပြောင်းလဲမှုကြောင့် ကျောင်းသား ကျောင်းသူများပညာသင်ကြားရေးနှင့်သူတို့ဘဝရှေ့ရေးကို များစွာ ထိခိုက်ခဲ့ပါတယ်"ဟူ၍လည်းကောင်း၊ "လာမည့် ပညာသင်နှစ်မှစ၍ အခြေခံပညာကို ၁၂ နှစ်သတ်မှတ်မှုနှင့်ပတ်သက်၍"အခြေခံပညာသင်ကာလ ၁၂ နှစ်မဟုတ်ဘဲ ၁၀ နှစ်ဖြစ်နေလို့ ပညာရေးအောက်ကျနေတာလား" ဟူ၍ လည်းကောင်း ပညာရေးစနစ်အပေါ် ပွင့်ပွင့်လင်းလင်း ရေးသားထားသည်။


စာအုပ်ကို စေတနာစာပေ ခြံအမှတ် ၁၊ အင်း၀ ၁၁လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။



## သစ်သီးတစ်ခြမ်းနှင့်အခြားဝတ္ထုတိုများ

ဤစာအုပ်သည် ဘဝသရုပ်ဖော်ရင်တွင်းခံစားချက်များကို ဝတ္ထုတိုများအဖြစ် ပြန်လည်ခံစားရေးသားထားသော စာအုပ်ဖြစ်သည်။ စာရေးသူခင်မြဇင်၏ ဝတ္ထုတိုရေးသက်နှစ် (၄၀)ပြည့် အမှတ်တရလည်းဖြစ်သည်။ လက်တွေ့ဘဝကို ရသမြောက်အောင် ရေးသားထားသော ဝတ္ထုတိုများဖြစ်သည်။ ကလျာ၊ ပန်း၊ စတိုင်သစ်၊ မဟေသီ၊ ရနံ့သစ်၊ ဗျူတီ၊ ရုပ်ရှင်တေးကဗျာ၊ မြင်ကွင်း၊ စုံနံ့သာ မဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့ပြီး လူကြိုက်များသော ဝတ္ထုတိုများကို SMART စာပေမှ လုံးချင်းအဖြစ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေထားသည်။

စာအုပ်ကို SMART စာပေတိုက် အမှတ် (၆၉)၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ၀၉-၇၃၀၅၇၆၅၃ မှ ဖြန့်ချိသည်။



## ကြက်ဋီကာ

ဆရာသော်တာဆွေသည် ကြက်သမားဖြစ်သည့်အားလျော်စွာ ကိုယ်တိုင် ကြက်မွေးကြက်တိုက်ခဲ့သည့် အတွေ့အကြုံများကို ရေးသားထားသည်။

တီကျစ်စာကလေးမှသည် မြင့်မိုရ်တောင်ကြီးအထိ သတ္တလောက၊ သင်္ခါရ လောက၊ ဩကာသလောကဟူသော လောကသုံးပါးတွင် မည်သည့်အကြောင်း အရာကိုမဆို ရသမြောက်အောင် ရေးသားနိုင်ပါလျှင် စာပေအနုပညာအရာမြောက် သည်ဆိုသည့်အတိုင်း ဆရာသည် ကြက်အကြောင်းကို ရသမြောက်အောင် ရေးသား ထားသည်။

"ငါ့ကြက်တော့ မပေးနိုင်ဘူး။လိုချင်ရင် ငါ့မိန်းမယူသွား"ဟူသော စကားမှာ ကြက်သမားသည် ဇနီး၊ သားသမီးများထက်ပင် မိမိကြက်ကို ပိုမိုဂရုစိုက် သံယောဇဉ် ထားပုံကို ဖော်ပြထားသည်။

စာအုပ်ကို ရုပ်ပြောင်စာပေ ဖုန်း ၀၁-၅၃၄၀၂၁၊၀၉-၄၂၀၀၁၉၆၇၃အမှတ် ၅၆ ဓမ္မာရုံလမ်း ၁၀ရပ်ကွက် ၆ မိုင် လှိုင်မြို့နယ်က တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။



## မိန်းမသားတို့ဘဝမှာ မရှိမဖြစ် အရေးပါ အဲဒါဓမ္မတာ

ဒေါက်တာစိုးလွင်၏ မိန်းမသားတို့ဘဝမှာ မရှိမဖြစ်အရေးပါ အဲဒါဓမ္မတာ စာအုပ်ထွက်ရှိလာသည်။

အတာရေသဘင်ပွဲရာသီကို ရှောင်ကာလွှဲဟူသော ခေါင်းစဉ်အောက်တွင် "ရာသီရွှေ့နည်း နှစ်နည်းရှိတယ်။ သမီးရေ။ တစ်နည်းက ရှေ့ကို ရွှေ့တဲ့နည်း၊ သင်္ကြန်ရက်နဲ့ရာသီက တိုက်နေတယ်ဆိုရင် ကြိုပြီးတော့ ရာသီကို လာအောင် လုပ်တဲ့နည်း။ နောက်တစ်နည်းကတော့ ရာသီရက်ကို သင်္ကြန်ပြီးမှ လာစေတဲ့ နည်း"ဟူ၍ ဖော်ပြထားသည်။ ဘဝအတွက် အရေးကြီးသောအချိန်နှင့် ရာသီ ရက်တိုက်ဆိုင်နေပါက ရာသီရက်ရွှေ့နည်းများကို ဖော်ပြထားရာ မိန်းကလေး တိုင်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။

ဒေါက်တာစိုးလွင်သည် တွဲဖက်ပါမောက္ခ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဗဟိုအမျိုးသမီးဆေးရုံကြီး ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင် လျက်ရှိပြီး အားလပ်ချိန်ကိုလှု၍ ဝါသနာအလျောက် အကျိုးပြုစာပေရေးသားနေသူတစ်ယောက်ဖြစ်သည်။

စာအုပ်ကို စိုးမင်စာပေ ဖုန်း ၀၁၂၂၈၂၉၇၊၀၉၅၀၄၉၇၈၃ တိုက် ၄ အခန်း ၁၀၁၊ သီရိမင်္ဂလာအိမ်ရာ ကမ်းနားလမ်းအလုံမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

၂၀၁၅ ခုနှစ် သီတင်းကျွတ်ဘုရားဖူး ဈေးဝယ်ခရီးစဉ်
ထားဝယ် နယ်စပ် – ထီးဘီး (ကန်ချနာပူရီ )
၂၃ - ၁၀ - ၂၀၁၅ မှ ၂၉ - ၁၀ - ၂၀၁၅ အထိ
သုဝဏ်စာပေ 01 253079 / 09 51 55654 / 09 30184137

မေမြန်မာ
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
Consultative by Shwe Lan Kha Yee
▲ အဘထွက်ရပ်ပူဇော်ပွဲ၊ ပုပ္ပါး(သီးသန့်) Sep 29 - 35000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ Sep 28 - 130000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး–လှိုင်ကော်ဘုရားစုံ Sep 28 - 150000
▲ အဘပွဲ–ပုဂံ–ညောင်ဦး–ပုပ္ပါး–တောင်ကြီး–အင်းလေး Sep 28 - 180000
Ph: 09250277491, 09-250622428, 09-43127507

မွေးယစ်ဆန့်ကျင် အောင်ပွဲဆင်

Access Cherry Travels & Tours
● ပုဂံ (စွယ်တော်လေးဆူ) - ပုပ္ပါး - ပခုက္ကူ (၃ ည /၄ ရက်) ၉၀၀၀၀
● ပြည်(အကောက်တောင်) ၃၀၀၀၀
● နေပြည်တော် ၃၅၀၀၀
● ကျိုက်ထီးရိုး ၂၇၀၀၀
Ph : 01-400547, 09-963260567, 963015994, 43053066

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ကွန်ဒိုအငှား
ကမ္ဘာအေးဗိလာကွန်ဒို 2200Sqft အိပ်ခန်း(၃)ခန်း၊ ပရိဘောဂအစုံ သိန်း(၃၀)
Ph:09-420056688,
09-5018390

**REQUEST FOR EXPRESSIONS OF INTEREST**
**(READVERTISEMENT)**
**THE REPUBLIC OF THE UNION OF MYANMAR**
**Ayeyarwady Integrated River Basin Management (AIRBM) Project**
**(Credit No. 55590 MM)**

Ministry of Transport invites expression of interest from qualified candidates for the said assignment.1) National Environmental and Social Expert. (Having an International experience is require.)

The Ministry had put out an announcement for the above mention post, in The Global New Light of Myanmar and The Daily Mirror newspapers on 26.5.2015 and than on 21.7.2015 in The Daily Mirror newspaper. Those who submitted their "REOI" for above mention post need not reapply.

Information and a copy of the detailed Terms of Reference (TORs) can be looked up in www. dwir. gov. mm (Search for International Cooperation World Bank) www.moezala.gov.mm and UNDB online website.

The deadline for submission of REOI. Is (28. 9 . 2015). If you need any further information, please email to dwir.airbm@gmail.com.






**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ဘာလို့ မတီးချင်လဲဆိုတော့ ထွန်းငွေ ပြောတဲ့အတိုင်းပဲ၊ ရောမမြို့ကြီး မီးလောင်နေတုန်း စောင်းတီး သီချင်းဆိုရင် မင်းတို့ ငါတို့ဟာ ဧကရာဇ်ဘုရင်နီရိုးလို အရူးတွေဖြစ်သွားကြမှာပေါ့"

ယုမောင်သည် ခေတ္တငိုင်သွား၏။ ထိုနောက်မှ ပြုံးရယ်ရင်းဆဲ၍ ပြော၏။

"ရှိုး . . ငါက တီးကြ မှုတ်ကြ ဆိုကြဖို့ ရိုးရိုးပြောတာ၊ မင်းက အဘိဓမ္မာတွေ ပြောနေပြန်ပါပြီ၊ မင်း ဘာဆိုလိုနေတာလဲ" သက်ခိုင်က ကားပြတင်းမှ လှမ်းမြင်ရသော စိမ်းစိုသည့် ပေါင်းတည်နယ်၏ လယ်ကွင်းများကို ညွှန်ပြသည်။

"ငါ ဘာမှ မတီးချင် . . မမှုတ်ချင် . . မဆိုချင်ဘူး ယုမောင်၊ ဟောဒီလယ်ကွင်းတွေကိုကြည့်ပြီး ကဗျာတစ်ပုဒ် စပ်ကြည့်ချင်တယ်"

"ဘာရယ် . . . ကဗျာတစ်ပုဒ် စပ်ကြည့်ချင်တယ်၊ ဟုတ်လား"

"အေး . . ဟုတ်တယ်၊ သူပုန်တွေလည်း လုပ်ချင်တာလုပ်လေ၊ အစိုးရကလည်း လုပ်ချင်တာလုပ်၊ ဒါပေမယ့် လယ်သမားတွေကတော့ လယ်ကိုစိုက်မှာပဲ၊ သူတို့ မစိုက်ရင်တော့ လောကကြီးဟာ ဆိတ်သုဉ်းသွားမှာပဲ၊ ဒါပေမယ့် သူတို့ကတော့ မစိုက်ဘဲမနေပါဘူး၊ လောကကြီးလည်း ဘယ်တော့မှ မဆိတ်သုဉ်းပါဘူး၊ ယုမောင် မင်း သောမတ်(စ်) ဟာဒီရဲ့ 'မျိုးပျက်ချိန်ဝယ်' ဆိုတဲ့ ကဗျာကို မှတ်မိလား"

"အေး . . မှတ်မိတယ်ကွ၊ ဘာဖြစ်လို့တုန်း"

"အဲဒီကဗျာကို မြန်မာလို ပြန်ကြည့်မယ်လို့ ငါစိတ်ကူးမိခဲ့တယ်၊ မပြန်ဖြစ်ခဲ့ဘူး၊ အခု ခရီးသွားရင်း ဉာဏ်ပွင့်ပြီး စိတ်ထဲမှာ စပ်လာမိခဲ့တယ်၊ အစအဆုံးတော့ မဟုတ်ဘူးကွာ၊ နောက်ဆုံးပိုဒ်ပဲ၊ မင်းနားထောင်ကြည့်"

သက်ခိုင်က ခေတ္တနားကာ စဉ်းစားပြီးနောက် ဖြည်းဖြည်း အေးအေး ရွတ်ပြသည်။

"ပလ္လင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း၊ နိစ္စကင်း၏။ မော်ကွန်းဝှဲလှိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်းညနှယ်၊ ပျောက်၍ကွယ်လိမ့် . . . ။

မြင်းအိုသခင်၊ လယ်ကြီးရှင်နှင့်၊ လယ်ပြင်မီးခိုး၊ လယ်မျိုးလုံမ၊ လုလင်လှ၏၊ သာစ္စဂုဏ်ပေါင်း၊ လူ့ဇာတ်ကြောင်းသည်၊ မဟောင်းကမ္ဘာကုန်ကျယ် ဆက်လိမ့်တည်း . . . "

ကဗျာအဆုံး၌ ယုမောင်က လေးလေးနက်နက် မှတ်ချက်ချသည်။

"မင်း . . . အဲဒီကဗျာကို ဆုံးအောင်စပ်ပြီး 'ရှုမဝ'ကို ပို့ဖို့ကောင်းတယ်၊ ပြီးတော့ မင်းလည်း ဘိုင်အို မယူဘဲ အာတ်(စ်) (ဝိဇ္ဇာပညာ)ဘက် ပြောင်းဖို့ကောင်းတယ်"

သက်ခိုင်သည် ဘာမျှ ပြန်မဖြေတော့ဘဲ လယ်ကွင်းများကို ငေးကြည့်လိုက်ပါလာခဲ့၏။

ယုမောင်က မင်ဒလင်တီး၏။ တီးရင်းလည်း ဆိုသည်။

သူ ဆိုတီးသည်မှာ 'စိန်ချယ်ခြူးသန်း' ပတ်ပျိုးကိုခါးလယ်မှ ဖြတ်ထားသည့် 'ရေနှယ်သာဦး' ဖြစ်၏။

"ရေနှယ်သာဦး၊ ခြူးစိန်နွဲ့လျှံ၊ ဟေမန်-ထွေဟန်၊ လေပြင်လောင်း၊ ရွှေလျှံမောင်းလို့၊ ဒေါင်းယာဉ်သာ၊ ဂေါ်ရာစကြာ၊ ရွှန်းလုဖလ်မင်း၊ ဂေါ်ရာစကြာ၊ ရွှန်းလုဖလ်မင်း . . "

ယမုံသီတာ ဧရာလမ်း၏ ရေနံ့သာဦးမှ လွမ်းဖွယ်သော ပြည်မြို့သည် ထူးခြားလှသောမြို့ ဖြစ်၏။

ဧရာဝတီမြစ်၏ ဟိုဘက်ကမ်း၌ တောင်ဘက်ဝယ် တန့်ကြည့်တောင်၊ မြောက်အစွန်းတွင် ဖိုးဦးတောင်တို့ အမှူးပြုသော တောင်တန်းတို့က ခံ့ညားတင့်တယ်လှ၏။ လေးဆူဓာတ်ရံ ရွှေဆံတော်ကုန်းမြတ်မှသည် မင်းကြီးတောင်၊ ကြက်တင်းတောင်၊ အင်ကြင်းမြောင်၊ နိဗ္ဗိန္ဒဟူ၍ သည်မှာဘက်ကမ်း၌ လည်းတောင်တို့ ဝိုင်း၍ တောတို့ကလည်း မှိုင်းလေသည်။

မြန်မာပြည်ထောင်စု သမိုင်းကို ယဉ်ကျေးမှုရှုထောင့်မှ ပြောလျှင် အသရေမချို့သည့် ခေတ္တရာပြည်မြို့မှ စပြောကြရပေမည်။

ဆောက်တည်ခြင်းကို'အယဉ်၊' ဖျက်ဆီးခြင်းကို 'အရိုင်း' ဟု သတ်မှတ် သမုတ်ကြလျှင် အယဉ်နှင့်အရိုင်း ဇာတ်လမ်းကို ပြည်မြို့သည် အဟုတ်တကယ်ပြောပြနိုင်လေ၏။

သရေခေတ္တရာ ပျက်လေပြီးသည်တိုင်အောင် ပြည်မြို့သည် သက်ခိုင်၌ အသက်ရှည်လှသည်။ အယဉ်နှင့် အရိုင်းကြားတွင် ထာဝစဉ် ရုန်းကန်နေခဲ့ရသည်။ ပိုလန်ပြည်မှ ဝါဆောမြို့ကဲ့သို့ပင် ပြည်မြို့သည် သမိုင်းတစ်လျှောက်၌ စစ်ကြီးအဖုံဖုံကို တွေ့ကြုံမြင်တွေ့ခံစားခဲ့ရသည်။ စစ်ကြီးတို့သည် ပျောက်လွင့် မေ့မှိန်ကုန်သည်။ ပြည်မြို့သည်မူ ယမုံသီတာဧရာလမ်း၏ ရေနံ့သာဦးတွင် ထူးမြဲ ထူးလျက် . . . တည်မြဲ တည်လျက် . . ဆက်ရှိနေသည်။

နှစ်ဆယ်ရာစုနှစ်၏ အရိုင်းဆုံးသော ဒုတိယကမ္ဘာစစ်အတွင်း၌ ပြည်မြို့သည် အာရှတိုက်တွင် အဆိုးဆုံးသော စစ်၏ဒဏ်ကို ခံစားခဲ့ရသောမြို့ဖြစ်၏။ သို့ရာတွင် ပြည်မြို့သည် မသေ။ ဖက်ဆစ်ဂျပန်တို့ အရမ်းဆုံးအချိန်။ နယ်ခဲ့လိပ်ကန်တို့၏ ဗုံးဒဏ် အကြမ်းဆုံးအချိန်၌ပင် ပြည်မြို့သည် မသေ။ သိဂ်ရောင်းဝင်းသော ဆံတောင်ရှင်၏ ခြေတော်ရင်း၌ ပြည်မြို့သည် ထာဝစဉ်အသက်ရှင်လျက်ရှိခဲ့သည်။

တိုက်ပြို တိုက်ပျက် အုတ်ပုံအုတ်ဆွေးတို့ကြားမှ ပြည်မြို့သစ်သည် အစဉ်ထကြွရှင်သန်လာ၏။ အာရေဗျပုံပြင်များတွင် 'ဖီးနပ်(စ်)' ခေါ်သော ငှက်တစ်မျိုးကို ဖော်ပြကြ၏။ ဖီးနပ်(စ်)ငှက်သည် အိုမင်းသောအခါ၌ အလိုလိုပြာကျသွားသည်။ ထိုပြာ၌ အသက်ဝင်သော နုပျိုသော ဖီးနပ်(စ်) ငှက်သည် ရှင်ပြန်ထမြောက်လာလေသည်ဟု ဆို၏။ ဖီနစ်(စ်)ငှက်သည် သေခြင်းမရှိသော ငှက်ပေတည်း။ ပြည်မြို့သည်လည်း သေခြင်းမရှိသော မြို့ပင်တည်း၊ အီတားနဲ့(လ်)စီးတီး(ထာဝရမြို့တော်)ဟု ခေါ်သော ရောမမြို့ကဲ့သို့ပင် ပြည်မြို့သည် "ကမ္ဘာကုန်ကျယ်သရွေ့"တည်နေမည့် မြို့ပေတည်း။

တစ်နည်းအားဖြင့် သက်ခိုင်၏ ကြီးပြင်းရာ ထာဝစဉ် 'စိမ်းနေဦးမည့်ကျွန်တော့မြေ'ပင်တည်း။

ပြည်မြို့သို့ ပြန်ရောက်သောအခါ သက်ခိုင်သည် ပျော်ရွှင်မိ၏။

ပြည်မြို့အထက် . . အာလံ၊ သရက်တို့၌ လည်းကောင်း၊ ပြည်ခရိုင်၏ အစွန်အနားတို့၌ လည်းကောင်း ရောင်စုံသူပုန်မျိုးစုံ ရှိနေကြ၏။

သူတို့သည် အခွင့်ရတိုင်း မြို့ငယ်၊ ရွာငယ်များကို ဝင်စီးကြသည်။ ဝင်လုကြသည်။ ဝင်ပစ်ကြသည်။

ပြည်မြို့သည်မူ စည်ကားမြဲ စည်ကားနေ၏။ အထူးသဖြင့် ရွှေဆံတော် ခြေရင်းရှိ ဆံတော်ဈေးမှာ အစည်ကားဆုံးဖြစ်ပေ၏။

ဆံတော်ဈေးသည် ကားဂိတ်ကြီးလည်း ဖြစ်၏။ ဆံတော်ဈေး ကားဂိတ်မှ ပေါင်းတလည်၊ ပေါက်ခေါင်းသို့ ကားများ၊ ပြေးဆွဲကြ၏။ ဝက်ထီးကန်သို့လည်း ပြေးဆွဲကြ၏။ အာလံ၊ တောင်တွင်း၊ မကွေးတို့သို့လည်း အဝေးပြေးကားများ ပြေးဆွဲကြ၏။

သက်ခိုင်၏အမေ ဒေါ်သက်သက်၏ ထမင်းဆိုင်သည် ဆံတော်ဂါတ်(ရဲဌာန)ကို ကျောပြုလျက် ဆံတော် ဈေး၌ ရှိ၏။

ထမင်းဆိုင်သည် မကြီးမငယ် ဖြစ်၏။ ထမင်းဆိုင်၌ သက်သက်သည် ထမင်းသာမက 'တမယ်ဟင်း'ဟု ခေါ်သောမုန့်ဟင်းခါးလည်း ရောင်းသည်။

ဆိုင်၌ ဒန်အိုးဒန်ခွက်များက သစ်လွင်သည်။ မုန့်ဟင်းခါး၊ အကြော်၊ အမဲကြော်၊ ငါးကြော်တို့မှစ၍ နံနံပင်၊ ကြက်သွန်ကွင်း၊ သံပရာသီး၊ ငရုတ်သီးမှုန့်ခွက်တို့အားလုံးကို ယင်ကောင် မနားနိုင်ရန် သံဆန်ခါအုပ် စီမံထားသည်။

ဆိုင်၌ သက်သက်အပြင် အကူရောင်းသမ မိန်းကလေးတစ်ဦးနှင့် ယောကျ်ားကလေးတစ်ဦးရှိသည်။

ကျောင်းပိတ်ရက်အတွင်း ပြန်ရောက်နေစဉ် သက်ခိုင်ကလည်း ဆိုင်၌ ကူရောင်း၏။ နံနက်စောစော၌ စိတ်ရှိသမျှ သက်သက် ချက်ထားသော တမယ်ဟင်းအိုးကို ဖွင့်လိုက်သဖြင့် ရသာ ဟင်းနံ့သည် သက်ခိုင်အတွက် ဤလောကတွင် အမွှေးကြိုင်ဆုံးသော ရနံ့တစ်ခုပေတည်း။

တက္ကသိုလ်ကျောင်းသားဖြစ်သူ သားကိုယ်တိုင် ရောင်းနေသည် ဆိုပြန်သောအခါ သက်သက်၏ ဆိုင်သည် ပိုမို၍ စည်ကားပြန်၏။ လူစည်သော်ငွေစည်၏။ ငွေစည်သော် သက်သက်၏ အပြုံးသည် မစဲတော့။ သက်သက်၏ အပြုံး မစဲသော် . . . သက်ခိုင် အတိုင်းမသိ ဝမ်းသာရသည်တည်း။

အမှန်မှာ . . . ရေနံချောင်း ဘေးမဲ့ချောင်းဘေး၌ ရောင်းခဲ့ကြရသော ဘဝနှင့်စာလျှင် သက်ခိုင်အတွက် ရော သက်သက်အတွက်ပါ များစွာ တိုးတက်၍ အဆင်ပြေနေသည်။

သက်ခိုင်တို့သည် ရွာဘဲ(ရဘဲ)ရပ်၌ အိမ်ရှိသည်။ ဦးလေးကိုစိုးမြိုင်၏ အိမ်ဖြစ်သည်။ မူလက ငှားနေသော အိမ်သာဖြစ်သော်လည်း ယခုအခါ အပိုင်ဖြစ်နေချေပြီ။ ကျောင်းဆရာဖြစ်သာ ဦးလေးကိုစိုးမြိုင်အနေနှင့် အိမ်ပိုင်ရရန်မှာ စိတ်ကူးထည့်ဝံ့သည် မဟုတ်။ သက်သက်၏ ဈေးရောင်းစွမ်းကြောင့် ရသောအိမ် ဖြစ်၏။

တစ်ခါတစ်ရံ သက်ခိုင် ရယ်မိ၏။

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**မွေးနေ့ဆုတောင်း**
**ဒေါက်တာအေးကိုကို**
**ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**(ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး)**

၁၅-၉-၂၀၁၅ ရက်နေ့တွင်ကျရောက်သော(၅၈)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာ တိုင်းကျိုးပြည်ကျိုးသယ်ပိုးနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်ခင်ချိုဝင်း
သား - မောင်အောင်မြတ်ပိုင် နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေးတက္ကသိုလ်(၂)
သမီး - မေသူကိုကို နဝမတန်း၊ အထက(၁)ဒဂုံ

UNIQUE TRAVELS & TOURS CO.,LTD **UNIQUE STAR** TRAVELS & TOURS

(6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Sep: 19, 26 / Oct: 3,10,17,24,31 / Nov: 7,14,21,28
(6)D Sep: 26 / Oct: 3,17,31 / Nov:14,28
(6)D Sep: 26 / Oct: 3,17,31/ Nov:14,28
(4)D Sep: 26 / Oct: 3,17,31 / Nov: 14,28
(4)D Sep: 26 / Oct: 3,17,31 / Nov: 14,28
(6)D Sep: 26 / Oct: 24

New Year Promotion
ပထမဦးဆုံး လူ(၃၀)ဦးအတွက်သာ
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133, 7310 9144, 7310 9155, 7310 9166

POST ရာထူးဝင်ခွင့်သင်တန်း
TEL 09420 129333
ရွေးကောက်ပွဲကော်မရှင် ရာထူးဝင်ခွင့်
စနေ၊တနင်္ဂနွေ (၉း၀၀မှ၁၂း၀၀)
တနင်္ဂနွေတရက်တက် (၁၀း၃၀မှ၁း၀၀)
နံနက် (၇း၃၀-၉း၀၀) ညနေပိုင်း၊ (၅း၃၀-၇း၀၀)
ဘာသာစုံ ၃၀၀၀၀ စာမေးပွဲမပြေမီအထိ။
သင်တန်းအားလုံး၁၉.၉.၂၀၁၅စမည်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။







# သန်းကြီးကုန်း–မကျီးစု ကျေးရွာချင်းဆက် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်မှု ၇၅ ရာခိုင်နှုန်းကျော် ပြီးစီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သန်းကြီးကုန်း-မကျီးစု ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သန်းကြီးကုန်း-မကျီးစု ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် မိုးမြတ်မဟာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းအမျိုးအစားမှာ ဂျင်း၊ မြေသားခင်းဖြစ်သည်။



အဆိုပါလမ်းမှာ အရှည် ၁/၀ မိုင်ရှိ၍ လမ်းအကျယ် ၁၈ ပေကို စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သန်းကြီးကုန်း-မကျီးစုကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပြီးစီးပါက အနီးဝန်းကျင်ရှိ ကျေးရွာ ၄ ရွာမှ လူဦးရေ ၃၁၃၈ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# တူးဖော်ထားသောစက်ရေတွင်းများအား အာစင်းနစ်အဆိပ်ပါ–မပါစစ်ဆေး

**ကျောင်းကုန်း စက်တင်ဘာ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံချက်ဖြင့် တူးဖော်ထားသော စက်ရေတွင်းများတွင် အာစင်းနစ်အဆိပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံချက်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်း ၂၅ တွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်း ၉၁ တွင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် စက်ရေတွင်း ၁၀၈ တွင်း စုစုပေါင်း စက်ရေတွင်း ၂၂၄ တွင်း တူးဖော်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ စက်ရေတွင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) က ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ခေါင်းဆောင်သောအဖွဲ့သည် အာစင်းနစ်စစ်ဆေးခြင်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရသည်။

ဆောင်ရွက်ဆဲ စက်ရေတွင်းများကိုလည်း ယုံကြည်စိတ်ချစွာသောက်သုံးရန် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုးကုတ်မြို့ပြည်သူ့ဆေးရုံတွင် တောင်သပြေသီးနှင့် ချဉ်စော်ခါးသီးစားပြီး အစာအဆိပ်သင့်ကာ ပါးစပ်မှအမြှုပ်များထွက်၍ သေဆုံး

**မိုးကုတ် စက်တင်ဘာ ၁၄**

မိုးကုတ်မြို့ပြည်သူ့ဆေးရုံတွင် အစာအဆိပ်သင့်ပြီးသေဆုံးသည့် အမျိုးသမီးတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးကုတ်မြို့မရဲစခန်းမှ ဒုရဲမှူးသိန်းဝင်းနှင့်အဖွဲ့သည် သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ မလေးမီး (၂၁) နှစ် လယ်ဦးရပ်ကွက်(၂) မိုးကုတ်မြို့နေသူဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ ပါးစပ်မှ အမြှုပ်များထွက်၍ သေဆုံးနေသည်ကို တွေ့ရသည်။ သေဆုံးသူသည် စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက တောင်သပြေသီးနှင့် ချဉ်စော်ခါးသီးတို့စားပြီးနောက် ပါးစပ်မှ အမြှုပ်များထွက်လျက် သတိမေ့နေသဖြင့် မိုးကုတ်ဆေးရုံသို့တင်ပို့ကုသစဉ် စက်တင်ဘာ ၁၀ ရက်တွင် သေဆုံးသွားကြောင်း သိရသည်။

ယင်းကြောင့် မိုးကုတ်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃၄/၂၀၁၅ ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မြစ်ကြီးနားမြို့တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း

**မြစ်ကြီးနား စက်တင်ဘာ ၁၄**

မြစ်ကြီးနားမြို့ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆစ်ဝါးနော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးချစ်ဦးက ရွေးကောက်ပွဲလုံခြုံရေးအအတွက် တွေ့ကြုံနိုင်သည့်အခက်အခဲများနှင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မဲရုံများတွင် အထူးရဲနှင့် နယ်မြေခံရဲတပ်ဖွဲ့များပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်ထားရှိမည့်အခြေအနေများ၊ လုံခြုံရေးစိတ်ချရမှုမရှိသော မဲရုံများတွင် ရဲတပ်ဖွဲ့နှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ကွန်းက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးဖွင့်လှစ်ထားရှိမှု၊ ကချင်ပြည်နယ်အတွင်း မဲဆန္ဒရှင် မဲပေးပိုင်ခွင့်ရှိသူ အသက် ၁၈ နှစ်နှင့်အထက် စာရင်းဇယားများ ကောက်ခံထားရှိမှု၊ မဲရုံများဖွင့်လှစ်ထားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။


ဆက်လက်၍ ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်မှူး ဦးစိုးဝင်းက ရွေးကောက်ပွဲကာလအတွင်း မီးဘေးအန္တရာယ်များကြုံတွေ့လာပါက မီးသတ်ဦးစီးဌာနအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် သတင်းမီဒီယာများက သိလိုသည်များအား မေးမြန်းခဲ့ကြရာ ရဲမှူးကြီးချစ်ဦးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**မင်းမင်းဦး**

IMPACT Co. Ltd အား (21.9.2015) ရက်နေ့မှ စတင်၍ အောက်ပါလိပ်စာအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း
Customer ကြီးများ၊ Supplier များနှင့် နယ်ကိုယ်စားလှယ်ကြီးများအား အသိပေးအကြောင်းကြားအပ်ပါသည်။
New Office
No(26), Corner of U Hmo St and U Shwe Bin St, Zone (1) Hlaing Tharyar, Ph : 09 - 264331011 to 33

KMD Education Services
City & Guilds
ISO
နိုင်ငံတကာတွင် Computer Technician အဖြစ်လုပ်ကိုင်လိုသူများအတွက်
➡ Diploma in IT System Support (UK) Diploma ကို (၃)လအတွင်းအကုန်ကျသက်သာစွာဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည့်အထိသင်ကြားပေးမည့်အဆင့်မြင့် နိုင်ငံခြားဒီပလိုမာသင်တန်းဖြစ်သည်။
➡ Exam ဖြေစရာမလို 100% လက်တွေ့ Assignment များပြုလုပ်ရုံဖြင့် Diploma ရရှိမည့်သင်တန်းဖြစ်သည်။
21 Sept 2015
1:00 - 4:00
(Mon-Fri)
အမှတ်(၃၃၁)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း – ၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။






# ပုလဲသွယ်မျိုးစပါးများ မျိုးစေ့ချစိုက်ပျိုး

**ပွင့်ဖြူ စက်တင်ဘာ ၁၄**

မျိုးကောင်းမျိုးသန့်လုံလောက်စွာရရှိအသုံးပြုနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့ ဧက ၂၀ စိုက်ကွင်းတွင် ပုလဲသွယ်မျိုးစပါး မျိုးစေ့ချစိုက်ပျိုးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက မျိုးစေ့ချစိုက်ပျိုးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမျိုးစေ့ချပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်စိန်တက်ရောက်ပြီး မျိုးစေ့ချပွဲပြုလုပ်ရခြင်းနှင့် ပုလဲသွယ်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စများကို ပြောကြားခဲ့ပြီး ယင်းအခမ်းအနားတွင် မင်းဘူးခရိုင်ဦးစီးမှူး ဦးကျော်ဝင်းက မျိုးကောင်းမျိုးသန့် လုံလောက်စွာရရှိအသုံးပြုနိုင်ရေးအတွက် စပ်မျိုးထုတ်လုပ်သုံးစွဲရန် လိုအပ်ချက်များကိုလည်းကောင်း၊ စိုက်ကွင်းတာဝန်ခံ ဦးစောကျော်လှနှင့် ဒေါ်မို့မို့မြင့်ကြူတို့က ဗီနိုင်းကားချပ်များဖြင့် ပုလဲသွယ်စပ်မျိုး ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်း ရှင်းလင်းပြသ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသည့် ဝန်ထမ်းများက မရှင်းလင်းသည့်အချက်အလက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မျိုးစေ့ချခြင်းကို တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံ၊ မကွေးခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မင်းဘူးခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မင်းဘူးမြို့နယ်မှ စိုက်ပျိုးရေးဝန်ထမ်းများ၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ၊ ပွင့်ဖြူမျိုးသန့်ခြံတာဝန်ခံနှင့် မျိုးထုတ်စိုက်ကွင်းမှဝန်ထမ်းများက မျိုးစေ့ချခြင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **ဇွဲထက်ရှင်**

# ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်စာချုပ်များ ထုတ်ပေး

**မြောင်းမြ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ကျေးရွာတစ်ရွာစီအား ကနဦးစံပြအဖြစ် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြောင်းမြမြို့နယ် ကဝက်ကျေးရွာတွင် ကျေးရွာနေပြည်သူများအား မြေငှားဂရန်ထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့နယ် ကဝက်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ကျေးရွာဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဝင်များ၊ မြေငှားဂရန်ချထားပေးခြင်းခံရသည့် ကျေးရွာပြည်သူများ အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြေငှားဂရန်စာချုပ်များကို ကာယကံရှင်များလက်သို့ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာတွင် လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုသူများ၊ အရင်းအနှီးရယူလိုသူများအတွက် မြေငှားဂရန်သည် ပိုင်ဆိုင်မှုအထောက်အထားတစ်ခုအဖြစ် အခွင့်အလမ်းကောင်းတစ်ခု ရရှိလိုက်ခြင်းဖြစ်ကြောင်း၊ ပိုင်ဆိုင်သူမှ ပေါင်နှံခြင်း၊ ရောင်းချခြင်း စသည်ဖြင့် မိမိစိတ်တိုင်းကျ စီမံဆောင်ရွက်ခွင့်ရှိပြီဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်တွင်ကဝက်ကျေးရွာမှ ၄၇ ဦးကို မြေငှားဂရန် ပေးအပ်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် ကျေးရွာဂရန်ထုတ်ပေးရေး ခရိုင်အဖွဲ့ဝင်များသည် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာတွင် ၇၀ ကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာကြီးကျေးရွာတွင် ၃၄ ဦး၊ မြောင်းမြခရိုင်တစ်ခုလုံးအတွက် ၁၅၁ ဦးတို့အား မြေငှားဂရန်စာချုပ်များ လက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။ **အောင်မင်း(ပြန်/ဆက်)**

# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်ဦး စက်တင်ဘာ ၁၄**



ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အကုန်အကျ သက်သာပြီး အချိန်တိုအတွင်း သက်တမ်းတိုးခြင်းများ ဆောင်ရွက်ခွင့်ရရှိစေရန်ရည်ရွယ်၍ ညောင်ဦးတွင် စက်တင်ဘာ ၁၂ ရက်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများက ကျောက်ပန်းတောင်းမြို့ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ အာမခံလုပ်ငန်း၊ ညောင်ဦးမြို့ စည်ပင်သာယာရေးအဖွဲ့၊ ယာဉ်လုပ်ငန်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့များနှင့်ပူးပေါင်းကာ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတောင်ဘက်စောင်းတန်း အနီးကွင်းပြင်၌ လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနေ့က မြင်းခြံခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများက ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို မော်တော်ယာဉ်သက်တမ်းတိုးခြင်း ၈၆ စီး၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း ၂၇ စီးနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ရှစ်စောင်တို့အား သက်တမ်းတိုး ဆောင်ရွက်ပေးနိုင်ခဲ့ရာ အခွန်စည်းကြပ် ငွေကျပ် ၃၃၂၃၆၀၀ ကောက်ခံရရှိခဲ့သည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

# မိုင်းအခြေခံသဘောတရားနှင့်မိုင်းအန္တရာယ်ကာကွယ်ရေး ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းဆင်း

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဦးစီး(ပ)(ဦး/ရေး/ထောက်)ဒုတိယရဲမှူးကြီး မောင်မောင်အေး၊ မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းဟန်၊ရဲမှူး သက်လွင်(ရဲမှူးဦးစီး)၊ အမှတ်(၄) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး တင်မျိုးအောင်၊ မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ဆန်းမိုး၊ဒုရဲမှူးနီဝင်း (ဒုရဲမှူး-ဦးစီး)၊ မှုခင်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်မောင်၊အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ဒုရဲမှူးလှဦး၊ ရဲအကူတပ်ဖွဲ့ခွဲမှ အရာရှိများ၊ သင်တန်းနည်းပြအရာရှိများနှင့် သင်တန်းသား ၃၀ ဦးတက်ရောက်ခဲ့ပြီး အမှတ် (၉၁၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ နည်းပြများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ဇဖဲ)**


## “ Happy Birthday aumuuquEi ”

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ မြေးဦးရတနာ မောင်ကျော်ကိုကိုဆက်နိုင် (BRAIN Seniors-Breezy Total Parami)ရဲ့ ၁၅-၉-၂၀၁၅ရက်တွင် ကျရောက်သော (၇)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းသော ဆန္ဒများ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘိုးဘိုး - မုံရွာဆရာမိုး
ဖေဖေ - ဗိုလ်မှူးကျော်ကိုကိုရှိန်း
မေမေ - ဒေါ်မိုးပြည့်ပြည့်ဖြိုး
ညီလေး - သုဝေယံရှိန်း
(BRAIN Leaders- Breezy Total Parami)
- မိုးပြည့်စုံဟိန်း
(BRAIN Champs - Aplomb Total Parami)
မမ - မဂျူးဂျူးခင်
[အဋ္ဌမတန်း-အထက(၁)မြောက်ဥက္ကလာ]

မေသက်၊ ဘဘ-မေသူဇာ၊ ဖေကြီး-မေကြီး၊ မေမော်၊ ဖေသော်-မေလေးပိုဆု၊ မေသင်း၊ တီလေး
မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု



iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm



ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော
တိုင်းကျော် ပြည်ကျော် ထင်ပေါ်ပညာ
MOTHER'S LIGHT
ရွှေလက်ရာ
● တက္ကသိုလ်ဝင်တန်း BIO ဇီဝဗေဒ ! ပုံဆွဲနည်း ပုံညွှန်းနံပါတ်ဖြေဆိုနည်း
● LOGARITHMIC လော့ရမ်သမ်စာအုပ်
● အဋ္ဌမတန်း ပထဝီ - ကွန်တိုမြေပုံဖတ်ရှုဖြေဆိုနည်း - မြန်မာပြည်မြေပုံဖတ်ရှုဖြေဆိုနည်း - ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့်အဖြေများ ထွက်ပြီး
2016 EXAM GUIDE စာမေးပွဲလမ်းညွှန် တက္ကသိုလ်ဝင်တန်း ▼ အဋ္ဌမတန်း ▼ စတုတ္ထတန်း
● Grade 1 မှ Grade 11 အထိ(ဘာသာစုံ/သင်ရိုးကုန်)စာအုပ်များ
● ကျောင်းတွင်းစစ် စာစီစာကုံးပုံစံမှသည် နိုင်ငံတော်အဆင့်စာစီစာကုံးပြိုင်ပွဲအထိ အထောက်အကူပြု စာစီစာကုံးရေးနည်း၊ ပျေ့ဟာနည်း၊ အကိုးအကားပြုစာအုပ်များ
ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ဆိုင်ကြီးများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကအထက်တန်းကျောင်းများ၊ ဘော်ဒါကျူရှင်ကြီးများ၊ ကျောင်းသားမိဘများကို အထူးကျေးဇူးတင်ရှိပါသည်။ ထွက်ပြီ
ဖြန့်ချိရေး - ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၃၀၁၃၀၉၆၈၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆၊ အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။



မိခင်သူ - မောင်ကျော်လှိုင် (ဓေတနာ-ဓာပေ)
မယ်မင်းဘုံ
တောက်ပစွာမှုန်းမည်
ထွက်ပြီ



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

ကြော်ငြာ

# ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

Myanmar Plaza (HAGL Group)
Forever Gems By ... Grand Opening
Dancer ... International Miss ... Model ... (HAGL Group) ...
UMFCCI, MWFA ...
MBA Program ... LED Drum performance & Drum Fire ...

... Forever Gems by ...




Hanwha
Hanwha Group
FORTUNE Global 500 Company
Global leader in City Development
190 Global networks
'63 Building' in Seoul, Korea
Landmark of Seoul, Korea
Cultural complex : Art Gallery, Aquarium
Duty free shopping mall
Designing a more valuable world
Hanwha's global construction works are building
happiness for customers all over the world


We create a better future by designing a new world
based on our global construction and engineering capacity
Same Sky, Exclusive World
TRITONE Features
Hanwha

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY
AWARDS FOR EXCELLENCE
2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဖဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI)

မြင့်မြတ်
အမှတ်တံဆိပ်
အမူးပြေသောက်ဆေး
ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးထိုမှတ်ပုံတင်အမှတ် - TMR 011342 (0118)
ပင်ရင်း - စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၁၉။

ပညာဒါန(ရှေ့နေဖြစ်လိုသူ)
ဥပဒေအလုပ်သင် Chamber (၃)ဦး
ရုံးအမှတ်-၉၀၊ လမ်း၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၀၀၃၆၃၉၊ ၀၉-၂၅၄၁၃၇၇၉၉

ကား မျိုးစုံ
(Alphard/Crown/MarkII/အနီးတတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

"စက်ချုပ်ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်"
၁။ Pattern အကွက်ကျွမ်းကျင် (၅) ဦး
၂။ ထမီချုပ်ကျွမ်းကျင် မ (၅) ဦး
၃။ ချုပ်သမကျွမ်းကျင် မ (၅) ဦး
၄။ ကော်ပီတိကပ်ကျွမ်းကျင် ကျား (၅) ဦး
၅။ ဇရစ်ပင်ကျွမ်းကျင် (၅) ဦး
၆။ ဆိုင်အရောင်းစာရေး မ (၅) ဦး
ဆက်သွယ်ရန် - ၀၉ ၉၇၅၈၄ ၃၃၈၈၊ ၀၉ ၃၂ ၈၅၃ ၈၅၃။

Building a Brighter FUTURE
Since 2007
VALUESTAR
EDUCATION CENTRE
• Marketing Management
တနင်္ဂနွေနေ့ (နံနက် ၇း၀၀ မှ ၉း၀၀ထိ) ၂၀.၉.၂၀၁၅စမည်။
• Financial Management
ကြာသပတေးနေ့ (ညနေ ၆း၀၀ မှ ၈း၀၀ထိ) ၁၇.၉.၂၀၁၅စမည်။
09-5043580, 09-5200547, 09-450001145

AUNG Auto Service Since 1997
- OBD Tool Store
- Key Service
- EFI Computer Control Training
AUNG Auto Service တွင်

G-Scan 2
1 Year Software Update and Hardware Warranty
4/ EFI Computer Control Training
ကိုဇော်အောင် 0943082224

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

EUROMONEY ACHIEVEMENT IN CSR 2015

## "Euromoney Achievement Award for Corporate Social Resposibility (CSR)"

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုပံ့ပိုးထောက်ကူလုပ်ငန်းများ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (UMFCCI)


**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် ၁ဂ/၉၄၈၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွှေသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် 8F/3255၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



# မြကန်သာ Condominium

## လှိုင်မြို့နယ် ISM ကျောင်းနှင့် သီရိမင်္ဂလာဈေးအနီး




၇၃-စီ၊ မြကန်သာ(၄)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။

## လစဉ် (၁၀) သိန်း

## (၅၀) ခန်းတွက်ဝယ်ခွင့်ကို တာဝန်ယူမည်

မြေရှင် i GREEN

**DEVELOPER** i GREEN

**CONSTRUCTION** i GREEN

**Junction Square**
**SEP 16 to 18**

## အတိုးပေးရန်မလို ၁၀နှစ် ငွေချေစနစ်

## သိန်း (၃၀) ယူလာမှ အခန်းရဖို့သေချာမယ်

iGREEN HeadOffie-82-A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ Junction-8 ရှေ့


DOUBLE RHINOS
IDEAL NIGHT
IDEAL
FOR BUILD

**NEW MOTION** Travels & Tours

ESCAPE FROM EVERYDAY LIFE...

| | | | |
|---|---|---|---|
| အမေရိကား Oct-28 | အင်္ဂလန် - ဝေလ်စ် Oct-15 | ကိုရီးယား Oct-21 | ဂျပန် Oct-24 |
| စင်ကာပူ Oct-23 | ဗန်ကောက် Oct-27 | စကန်ဒီနေးဗီးယား Oct-21 | |
| ဟောင်ကောင် Oct-29 | ဗီယက်နမ် Oct-28 | | |



15,ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ 01-508 124, 523 253, 09 731 48933-44-55-66

**ဒီနာ ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**

850 USD + ၅၀၀၀၀/-

750 USD + ၅၀၀၀၀/-

ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 518 4664

ဖုန်း - 545216, 545216, 556173

09 402 64 8886, 09 5300305

GUARDIAN INDEPENDENT CERTIFICATION · JAS-ANZ

ISO 9001:2008 Cert. No. 732593

# ISO 9001:2008 ရရှိမှုအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ကျေးဇူးတင်ရှိခြင်း

Since 1985

**POPULAR** Plastic Group



Popular Plastic Group အနေဖြင့် 2015 ခုနှစ်တွင် Guardian Independent Certification (GIC) UK မှချီးမြှင့်သော နိုင်ငံတကာစီမံခန့်ခွဲမှု အရည်အသွေးနှင့် စံချိန်၊ စံညွှန်း အသိအမှတ်ပြု ISO 9001:2008 Certificate အား အောင်မြင်စွာ ရရှိပြီးဖြစ်ပါကြောင်း၊ နှစ်(၃၀)တိုင်တိုင် ဝယ်ယူအားပေးခဲ့ကြသော မိတ်ဟောင်းမိတ်သစ် Customer များအား အထူးပင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်နှစ်ပေါင်းရာထောင်ချီ တိုင်အောင်ဆက်လက်ရပ်တည်နိုင်ရန် ကြိုးစားအားထုတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Popular Plastic Group

အမှတ်(၀၆၅)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်(ရုံးချုပ်)။ 95-1-217445, 217446, 217399, 395840, Fax: 210996

Email - popularplastic1985@gmail.com, Website - www.popularplastic.com

**PROLiNK** www.prolink2u.com

Your inspirations. Our innovations.



PROLINK ၏ နေရောင်ခြည်စွမ်းအင်သုံး IPS Inverter များ

- (30A) ... (Solar Charger) ... (Solar Panel) (85W) မှ (260W)အထိ ...
- Series ...
- ... (Short Circuit) ...

RRS Computers

Find us on Facebook

Hot Line No-0930500100

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ရေးအတွက် ဘေးသင့်ဒေသများ၌ ပစ္စည်းဆုံးရှုံးသည့် ပမာဏနှင့် တန်ဖိုးများကို အတိအကျသိရှိနိုင်ရန်နှင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ထိရောက်စွာ ပေးအပ်နိုင်ရေး ရည်ရွယ်ပြီး ယခုအစည်းအဝေးအား ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း။

ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော ပြန်လည်ထူထောင်ရေးအစီအမံများကို ကာလတို၊ ကာလရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် အဆင့်သတ်မှတ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ


သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း — စာမျက်နှာ - ၂

စင်ကာပူ အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေး ဝန်ကြီးချုပ်လီရှန်လွန်း ပြင်ဆင် — စာမျက်နှာ - ၁၂

ယူအက်စ်အိုးပင်း ချန်ပီယံဆု ဂျိုကိုဗစ်ချ် ဆွတ်ခူး — စာမျက်နှာ - ၁၃


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သောကြောင့် မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၃ | ဒသမ | ၈၂ | လက်မ |
| တကောင်း | ၃ | ဒသမ | ၅၄ | လက်မ |

# မြန်မာအမျိုးသမီးအသင်း ပွဲဦးထွက် ဂျော်ဒန်ကိုနှစ်ဂိုးပြတ်နိုင်

**မန္တလေး စက်တင်ဘာ ၁၄**


၂၀၁၆ အိုလံပစ်ပြိုင်ပွဲအမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ(ပထမနေ့)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် စတင်ကျင်းပရာ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့အနိုင်ရရှိခဲ့သည်။

**မြန်မာ - နှစ်ဂိုး**
(ခင်မိုးဝေနှင့် ဝေဝေအောင်)
**ဂျော်ဒန် - ဂိုးမရှိ**

အိမ်ရှင်မြန်မာအသင်းမှာ အဖွင့်ပွဲတွင် အများအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး အမှတ်ပြည့်စတင်ရယူခဲ့သည်။ ဂျော်ဒန်အသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း နိုင်ပွဲရယူနိုင်ခဲ့သည်။ ဂျော်ဒန်အသင်းမှာ ခြေစွမ်းပိုင်းသိသိသာသာတိုးတက်လာသောကြောင့် မြန်မာအသင်းအခက်တွေ့ခဲ့ရခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းမှာ ဂိုး-မြဖူးငုံ၊ နောက်-ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဇာခြည်ဦး၊ လယ်-စန်းစန်းမော်၊ နော်အားလိုဝါးဖော၊ ဝင်းသီတာထွန်း၊ မေသူကျော်၊ ရှေ့-ရီရီဦး၊ ခင်မိုးဝေတို့ဖြင့် ပွဲထွက်လာသည်။ မြန်မာအသင်းမှာ ပွဲအစတွင် ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး နော်အားလိုဝါးဖော၏ ဘယ်ခြမ်းကို အဓိကအားပြုတိုက်စစ်ဆင်ခဲ့သည်။ ၁၇ မိနစ်တွင် မြန်မာအသင်းအဖွင့်ဂိုးရရှိခဲ့ပြီး ပြစ်ဒဏ်ဘောကို ခင်မိုးဝေက တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဂျော်ဒန်နောက်တန်းကိုမကျော်နိုင်၍ ထင်တိုင်းမပေါက်ခဲ့ပေ။ ဂျော်ဒန်အသင်းမှာ မိနစ် ၃၀ နောက်ပိုင်းတွင် ကစားပုံပြန်ကောင်းလာပြီး မြန်မာအသင်းဂိုးပေါက်ကို ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကစားကွက်တည်မရဖြစ်နေပြီး ဂျော်ဒန်အသင်းဘက်သို့ ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ ထို့ပြင် တွဲလုံးများဖြင့် ထိုးဖောက်ရမည့်အစား **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✱**



သတင်း၊ ဓာတ်ပုံ » ရှိုင်းထက်ဇော်

မြန်မာအသင်း ဂျော်ဒန်အသင်းဘက်သို့ ထိုးဖောက်နေစဉ်။






themirror.npt@gmail.com www.facebook.com/themirrordaily